စိတ်ကူးချိုချိုအနုပညာ

မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း

# လယ်တီပဏ္ဍိတ



ဒုတိယအကြိမ်

mgyoe.com

ဦးကောဝိဒ

သန်းသန်း၊

ဒဂုန်ဦးထွန်းမြင့်၊

ဇဝန်ဦးတင်နွယ်၊

ဒဂုန်ဦးလှဖေ၊

ဒဂုန်တေဇော၊

သိန်းဖေမြင့်၊

မောင်ကြည်ရှင်၊

ဦးပန်းမောင်၊

ကျိုက်လတ်ဆရာချစ်၊

ရဝေစိုးမင်း၊

မောင်သော်၊

မြင့်ဆွေ နှင့်

ယုဝတီစက္ခုခန်း၊ မြန်စာပြန့်၊ ......

စသည်တို့၏

## လယ်တီပဏ္ဍိတ

မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်းက စီစဉ်ထုတ်ဝေခဲ့သော

## လယ်တီပဏ္ဍိတ

ယခုစာအုပ်အပါအဝင် မြန်မာဂန္ထဝင်စာပေပညာရှင်ကြီး ၉ ဦး၏ စာပေဂုဏ် ပညာသမာဂုဏ်ကို စုစည်းထားခဲ့ကြသော စာ ၉ အုပ်ကို စိတ်ကူးချိုချိုစာအုပ်တိုက်မှ မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်းအတွက် ပြန်လည်စီစဉ် ထုတ်ဝေပေးခြင်းဖြစ်ပါသည်။

mgyoe.com
kls0099
2,000.00 KS

mgyoe.com

လယ်တီပဏ္ဍိတ
မျက်နှာဖုံးပန်းချီ - ကျော်ပြုံးစံ၊
စာမျက်နှာ ၁၄၈+ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၆၅ မြန် စာ ပြန့် စာစဉ် ၄၊ ပထမအကြိမ်၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# လယ်တီပဏ္ဍိတ

## (၁၈၇၉ - ၁၉၄၀)

၂၃ ကြိမ်မြောက် စာဆိုတော်နေ့
အထိမ်းအမှတ်အဖြစ်ထုတ်ဝေခဲ့သည့်စာအုပ်

မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းအတွက်
စိတ်ကူးချိုချိုမှ စီစဉ်ရိုက်နှိပ်သည်။

ဒုတိယအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

‘အနုပညာ စာပေမှာ
ပေါင်းလှာဝပ်စင်း ယဉ်ကျေးခြင်း’

mgyoe.com

mgyoe.com

# မာတိကာ


| | | | |
|---|---|---|---|
| - | လယ်တီပဏ္ဍိတ ကဗျာ | ယုဝတီစက္ခုခြန်း | (က) |
| - | လယ်တီပဏ္ဍိတ ကဗျာ | သန်းသန်းဝတ္ထု | (ခ) |
| - | နိဒါန်း | မြန်စာပြန့် | (ဂ) |
| - | လယ်တီပဏ္ဍိတသို့ | ဒဂုန် - ဦးထွန်းမြင့် | (ဃ) |
| - | မိဖုရားခေါင်ကြီး နတ်ရွာစံ ရှေးလေးချိုး | လယ်တီပဏ္ဍိတ | (ဇ) |
| ၃။ | အတ္ထုပ္ပတ္တိစာတမ်း | ဒဂုန် - ဦးထွန်းမြင့် | ၁ |
| ၄။ | ဘဝဖြစ်စဉ် | ဝေမ်း - ဦးတင်နွယ် | ၈ |
| ၅။ | လယ်တီပဏ္ဍိတ၏ စာပေ | ဒဂုန် - ဦးလှဖေ | ၂၁ |
| ၆။ | ကျွန်တော်သိသော လယ်တီပဏ္ဍိတ | ဒဂုန် - ဦးထွန်းမြင့် | ၅၀ |
| ၇။ | လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး | ဒဂုန် - တေဇော | ၅၄ |
| ၈။ | ဘုံဝါဒနှင့် ဆရာဦးမောင်ကြီး | သိန်းဖေမြင့် | ၆၀ |
| ၉။ | လယ်တီပဏ္ဍိတပေးစာများ | မောင်ကြည်ရှင် | ၆၄ |
| ၁၀။ | ကျွန်ုပ်သိသော လယ်တီပဏ္ဍိတ | ဦးပန်းမောင် | ၇၃ |
| ၁၁။ | လယ်တီပဏ္ဍိတ | ကျိုက်လတ် - ဆရာချစ် | ၈၁ |
| ၁၂။ | တိမ်မြုပ်နေသော အဖိုးတန်စာပေများ | ရဝေ-စိုးမင်း | ၉၁ |
| ၁၃။ | ဆရာဦးမောင်ကြီးနှင့် ဆုံစည်းမိခြင်း | မောင်သော် | ၉၅ |
| ၁၄။ | မြန်မာပညာရှိကြီးတစ်ဦး | မြင့်ဆွေ | ၁၀၂ |
| ၁၅။ | လယ်တီပဏ္ဍိတဇနုပ္ပတ္တိကထာ | ဦးကောဝိဒ | ၁၁၆ |
| - | နိဂုံးပိုဒ်စုံရတု | | ၁၄၇ |


■

mgyoe.com

mgyoe.com

"အနုပညာ၊ စာပေမှာ၊ ပေါင်းလှာဝပ်စင်း ယဉ်ကျေးခြင်း"

mgyoe.com

mgyoe.com

# လယ်တီပဏ္ဍိတ ကဗျာ

နှုတ်သီးတော် ချွန်မဝင့်ပါနှင့်
တမ်းခွန်လွှင့် မြောက်စွာ
လွှန်အမင်း မောက်မာတယ်
ကြောက်စရာ တကဲ့။
ဝံသာနု ရဟန်းတွေကို
ရမ်းပလေ ရက်စက်လေငဲ့။

ရာထူးက မြင့်စွာ
အခွင့်သာသော်လဲ့။
သင့်ရာရာ မြော်ငဲ့လို့
မဟော်ရဲ့ ပမာ။
နှစ်သိမ့်ဘွယ် စကားမြွက်သင့်ပါငဲ့
တရားဘက် ယိမ်းလျက်အသာ။

ညီညွတ်ရေး အမြန်လာအောင်
ကြံရှာတော် မူရှော့ထင့်
သူမလျှော့ တင်းတောင့်မာမာ
မင်းခေါင့်အာဏာ။
တစ်တိုင်းလုံး သည်တခါမှာ
ညီတညာလွှန်ဆွဲဘို့လေး။ ။

၁၂၉၄ ခု၊ နှစ်သစ်ကူးအထူးမဟာဒဂုန်
[ယုဝတီ စက္ကူခန်း]

mgyoe.com

mgyoe.com


# လယ်တီပဏ္ဍိတ ကဗျာ

ဩော်... သရဲသဘက်လိုပ
အကဲတက်လှချည့်
ခဲခက်ဘွယ် အခါခါကြုံလို့
ကာမဂုဏ် သုံးထောင်အဝက်မီးကိုလ
တဏှာအကုန် ပြုန်းအောင်မဖျက်ဆီးနိုင်လို့
ပုန်းရှောင်ထွက်ပြီး တောင်ရှည၀ါမြန်းချင်ပေါ့
အောင်မင်္ဂလာကမ်း ခေအမတာကူးရန်ဘို့
သောင်ဌာဂ်မာလမ်း ပေတရာဖြူးဖြူးကြီးမှာ
ဧကစာအထူး အသွားအပြန်လျှောက်လျှောက်ပြီး
(ခင်သန်းရယ်...)
တရားစျာန်ပေါက်အောင် ကျင့်မယ့်
မောင်မောင့် အကြံအစည်တစ်မျိုး။ ။

[သန်းသန်းဝတ္ထု]

mgyoe.com

mgyoe.com

## နိဒါန်း

လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏အတ္ထုပ္ပတ္တိကို ရေးသားပြုစုရန် မြန်မာနိုင်ငံမှာ စာပေပြန့်ပွားရေးအသင်းက ကြိုးပမ်းခဲ့သည်မှာ ၃ နှစ်ကျော် ၄ နှစ်ခန့်ပင် ရှိပြီ ဖြစ်ပါသည်။

၁၃၂၆ ခု၊ နတ်တော်လပြည့်၊ စနေနေ့တွင် ရန်ကုန်မြို့ ဗိုလ်တထောင် ဘုရားလမ်းရှိ ရာမာကရစ်ရှ်နာမစ်ရှင် အသင်းတိုက်ခန်းမဆောင်၌ လယ်တီပဏ္ဍိတ ဆရာ ဦးမောင်ကြီး ကွယ်လွန်သည့် ၂၅ နှစ်မြောက် အထိမ်းအမှတ်ပွဲကို ကျင်းပခဲ့ပါသည်။

ထိုအခမ်းအနားတွင် တင်သွင်း ဖတ်ကြားသော အတ္ထုပ္ပတ္တိစာတမ်းနှင့် ဟောပြောချက်များ၊ မဂ္ဂဇင်းများတွင် ရေးသားခဲ့ကြသော ဆောင်းပါးများ၊ ဤစာအုပ်အတွက် ရည်စူးရေးသားကြသော ဆောင်းပါးများကို စုပေါင်းကာ ဤမည်သော "လယ်တီပဏ္ဍိတ" စာအုပ်ကို ရိုက်နှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။ ဆရာကြီး၏ အတ္ထုပ္ပတ္တိစာအုပ်ကြီးတစ်အုပ် မဖြစ်မြောက်သေးသည့်တိုင်အောင် ဤစာအုပ်သည် ဆရာကြီး၏ အကြောင်းဖြစ်စဉ်ကို ကောင်းစွာ အသိပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

ဆရာကြီး ကွယ်လွန်စဉ်အခါက ပထမကျော်ဆရာတော် လယ်တီ ဦးကောဝိဒသည် "လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၊ မဟာဝိဇ္ဇာ။ မြန်မာပညာရှိကြီး၏ဖြစ်စဉ်ကို ဖော်ပြသော ဇနုပ္ပတ္တိ

mgyoe.com

mgyoe.com

ကထာ" ဟူသောအမည်ဖြင့် ဆရာကြီး၏အတ္တုပ္ပတ္တိ အကျဉ်းစာအုပ်ငယ်တစ်အုပ်ကို ရေးသား၍ အုပ်ရေ ၂၀၀၀ ရိုက်နှိပ်ကာ ဆရာကြီး၏ ဈာပနာအခမ်းအနားတွင် ဝေငှဖြန့်ဖြူးပါသည်။ ထိုမည်သော ဇနုပ္ပတ္တိကထာကိုလည်း မရအရ ရှာဖွေကာ ဤစာအုပ်တွင် ထည့်သွင်းဖော်ပြထားပါသည်။

လယ်တီပဏ္ဍိတဆရာဦးမောင်ကြီးအား ဤအသင်းက ပူဇော်ကန်တော့သောအားဖြင့် ဤစာအုပ်ကို ၁၃၂၇ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက် စာဆိုတော်နေ့တွင် ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။

ဤစာအုပ်ကို စာဆိုတော်နေ့အမီ ထွက်ပေါ်နိုင်ရန် အချိန်လု၍ လုပ်ကိုင်ရပါသဖြင့် ပါမောက္ခဦးဇမောင် နှင့် ဒဂုန် ဦးစန်းငွေတို့၏ စာမူများကို ရရှိအောင် မစောင့်ဆိုင်းနိုင်ခြင်း၊ သိပ္ပံမောင်ဝ၊ ဒဂုန်ခင်ခင်လေး နှင့် မင်းယုဝေတို့၏ စာမူများကို ခြွင်းချန်ခဲ့ရခြင်း ဟူသော ချွတ်ယွင်းမှုများ ရှိလာပါသည်။

သို့ဖြစ်၍ ဤစာအုပ်၏ ချွတ်ယွင်းမှု အပြစ်အနာများသည် မိမိကြောင့်သာလျှင် ဖြစ်ရသည်ဟု ဤအသင်း၏ စာအုပ်ထုတ်ဝေရေးမှူးဖြစ်သူက လုံးလုံးလျားလျား တာဝန်ယူပါသည်။

ဤစာအုပ်အတွက် စာမူရေးသား ကူညီကြသော ပုဂ္ဂိုလ်အပေါင်းနှင့်တကွ၊ အသင်းအပေါ် စေတနာရှေ့ထား၍ ဤစာအုပ်ကို တာဝန်ခံထုတ်ဝေ ဖြန့်ချိပေးသော ဤအသင်း၏ ရာသက်ပန် အသင်းသားတစ်ဦးဖြစ်သူ **"စာပေ လောက ဦးခင်ညွန့်"**၊ လယ်တီပဏ္ဍိတ ဇနုပ္ပတ္တိကထာကို ကူးယူခွင့်ပေးသော လယ်တီနွယ်ဝင်တစ်ဦးတို့အား အထူးကျေးဇူးတင်ရှိပါသည်။ ။

မောင်ကြည်ရှင်
စာအုပ်ထုတ်ဝေရေးမှူး
မြန်မာစာပြန့်အသင်း

ရန်ကုန်မြို့။
၂၇ ခု၊ မုန်း - ကျော် ၁၂ ရက်။

mgyoe.com

mgyoe.com

# လယ်တီပဏ္ဍိတသို့ ...

၁။ မြေမဏ္ဍလာ၊ စက္ကဝါ၏
ချက်ချာဗဟို၊ မြမြင့်မိုကား
နကိုယ်မူလ၊ ကပ်ဦးစက
ကမ္ဘာမဏ္ဍိုင်၊ တည်ကြံ့ခိုင်သည့်
ကျောက်တိုင်ကျောက်ဒုတ်၊ တောင်မဟုတ်ခဲ့
သမုတ်ဘွဲ့ချီ၊ နှယ်သညီဖြင့်
လယ်တီပဏ္ဍိ၊ စံမရှိသား
ကဝိမြတ်ထွတ်၊ ကိုယ်မှလွှတ်သည့်
ဉာဏ်ဓာတ်ပွားလှိုင်၊ ရန့်ကြိုင်တို့
အစိုင်အခဲ၊ တောင်တပဲလျှင်
တွဲစပ်ပေါင်းစု၊ ဉာဏ်ဓာတ်ထုဟု
တောင်တုလက်သစ်၊ ဉာဏ်သားနှစ်တို့
ဖြစ်သည်ကေန်၊ ဆိုနိုင်မှန်က
ဉာဏ်ရှင်ကဝိ၊ ဦးမောင်ကြီးလျှင်
စုတိနတ်ပြည်၊ ကွယ်လွန်သည်ကြောင့်
နောက်တည်ဉာဏ်ထု၊ သိနေရကား
ယခုချိန်နီး၊ ပြိုပျက်စီးမည်
**တောင်ကြီးမှောက်တော့မည်တကား။**

mgyoe.com

mgyoe.com

၂။ ရေအဏ္ဏဝါ၊ ကျယ်ပြောစွာသား
ကမ္ဘာနက်ရှိုင်း၊ အနိမ့်ပိုင်းတွင်
လှိုင်းတလိမ့်လိမ့်၊ တအိမ့်အိမ့်လျှင်
ခြိမ့်ခြိမ့်အုတ်အုတ်၊ ဝဲစလုတ်ဖြင့်
သမုဒ္ဒရာ၊ ဤလေးဖြာကား
ကမ္ဘာအမွှေဒ်၊ ရေမဟုတ်ခဲ့
သမုတ်ဘွဲ့ချီ၊ နှယ်သညီဖြင့်
လယ်တီပဏ္ဍိ၊ စံမရှိသား
ကဝိမြတ်ထွတ်၊ ကိုယ်မှလွတ်သည့်
ဉာဏ်ဓာတ်ပွားစည်၊ မြရောင်ရည်တို့
စိမ်းကြည်ယိုစီး၊ ပင်လယ်ကြီးသို့
ဓိးဓိးသံမြည်၊ ဉာဏ်ဓာတ်ရည်တို့
ဖြစ်သည်ကေန်၊ ဆိုနိုင်မှန်က
ဉာဏ်ရှင်ကဝိ၊ ဦးမောင်ကြီးလျှင်
စုတိနတ်ပြည်၊ ကွယ်လွန်သည်ကြောင့်
နောက်တည်အဏ္ဏဝါ၊ ရေလေးဖြာကား
ပူဆာလောင်မီး၊ ခန်းခြောက်နီးပြီ
**သောင်ကြီးပေါက်တော့မည်တကား။**

mgyoe.com

mgyoe.com

၃။ နေစန္ဒရာ၊ လေးဒီပါဟု
ကမ္ဘာတန်ဆောင်၊ ရွှန်းရွှန်းပြောင်သား
မိုက်မှောင်ထွန်းပ၊ နေနှင့်လ၏
ဖြူဆွဖွေးကြည်၊ ဤရောင်ခြည်ကား
ဖြစ်တည်ပထမ၊ ကပ်ဦးစက
မူလဖွင့်မှုတ်၊ ရောင်မဟုတ်ခဲ့
သမုတ်ဘွဲ့ချီ၊ နွယ်သညီဖြင့်
လယ်တီပဏ္ဍိ၊ စံမရှိသား
ကဝိမြွတ်ထွတ်၊ ကိုယ်မှလွှတ်သည့်
ဉာဏ်ဓာတ်ပညာ၊ ရောင်အဝါတို့
ကမ္ဘာမဆုံ၊ လေးကျွန်းနှံ့အောင်
ပတ်လွှံ့ဖြန့်ဖြူး၊ ကြည်ကွန့်မြူးသည့်
မီးရှူးရောင်ခြည်၊ ဉာဏ်ဓာတ်ကြည်တို့
ဖြစ်သည်ဧကန်၊ ဆိုနိုင်မှန်က
ဉာဏ်ရှင်ကဝိ၊ ဦးမောင်ကြီးလျှင်
စုတိနတ်ပြည်၊ ကွယ်လွန်သည်ကြောင့်
ရောင်ခြည်ရုတ်ပြီး၊ ပျောက်လုနီးပြီ
မှောင်ကြီးရောက်တော့ မည်တကား။

ဒဂုန် – ဦးထွန်းမြင့်
[လယ်တီပဏ္ဍိတ ကွယ်လွန်စဉ်က ရေးဖွဲ့သည်]

mgyoe.com

.mgyoe.com

## နတ်ပြည်စံ အရှင်နန်းမတော် မိဖုရားခေါင်ကြီးဘွဲ့

ကံ အထွတ်ပေပ၊ စံလွတ်ယှဉ်ကွာသည်၊ စဉ်အလာနေမျိုးမို့၊ ဝေဖြိုး
ခေါင်ကွန့်တဲ့၊ အောင်ညွန့်ဖြာ၊ ။

ထောင့်နှစ်ရာငယ်၊ ကောဝိသ၊ သက္ကရာဇ်ဟု၊ နှစ်အကြွတွင်၊ သေဋ္ဌရာသီ၊ ငွေနှင်းစီလို့၊ နန်းမို့တော်ဝင်၊ ပန်းသဇင်တို့၊ သဘင်ကျင်းပ၊ ခေတ်ကောင်းခေါ်သည့်၊ နတ်တော်လ၏၊ သီဟနံ့စက်၊ ကျော်လေးရက်တွင်၊ ငွေရွက်ကယ်ရိပ်လူ၊ ကဒဏ်ဖွင့် စွင့်စွင့်ထူလို့၊ ဆင်ဖြူမရှင်၊ ဖွားသန့်စင်သော်၊ ဘုရင်ခမည်း၊ ကြွင်နန်းပျော်ငယ်၊ နန်းတော်နည်းဖြင့်၊ ချစ်ရည်းဖြေဖျော်၊ များရွှေဖော်တို့၊ သော်မော်ကမ္ဘူ၊ ဖျားလပ်စုကို၊ ကယုငယ် ကယင်၊ သံပြိုင်ကြွေး၊ မြအေးယဉ်ဖြင့်၊ ရွှင်စေပျော်စေ၊ ပိုက်ဖြားပုံ ထွေတော့တယ်၊ ရဝေကြော့ရွှေဘုံမှာ၊ တေဇဂုဏ်ခြိမ့်ခြိမ့်ညောင်း သာပ၊ သောင်းရွှေ့ကညာ၊ ။

အရွယ်တော်ဝင်၊ ဆယ်ကျော်ကိုးနှစ်၊ ရောက်တုံလစ်က၊ ထွန်းသစ်ကယ် ဘုန်းကံ၊ သဟံဗြဟ္မာ၊ သျှန်္တိညွန်း ဖြူဝန်းကာလျက်၊ သခ်ါညာရစ်၊ သဖန်းသစ်ဝယ်၊ ကျွေးဟာစ်ကယ် အောင်စေ၊ နော်တတ်ရေဖြင့်၊ မဟေထွတ်တင်၊ ဘိသိက် ယင်ပြီး၊ တိုင်းခွင်အလုံး၊ ပြိုင်မပြုအောင်၊ ပိုင်ယူကြုံးလို့၊ ရေးထုံးစဉ်လာ၊ စံဆဲခါတွင်၊ ကြမ္မာအမှောင့်၊

mgyoe.com

mgyoe.com

အဆုံးငယ်ဖန်၊ ဘုန်းကံမြှောင့်လို့၊ ထောင့်နှစ်ရာမှီ၊ သတ္တာလီဝယ်၊ ယာယီမြန်းကွန့်၊ နန်းကိုစွန့်လျက်၊ ညွန့်မဟောလျှင်၊ ရွှေဘုန်း ခေါင်နှင့်၊ တွဲနှောင်မကွာ၊ အေးကြောင်းသာ ရှာတော့၊ ရတနာငယ်၊ စံရာဌာန ကျွန်းဂီရိ၊ ။

သက္ကရာမူ၊ ကောအဋ္ဌ၊ ဒွေးကေတွင်၊ ပုနတဖန်၊ တိုင်းကြီး မြန်သို့၊ တုန့်ပြန် တလှဲ့၊ ပြန်မြန်းခဲ့၍၊ နန်းနွယ်တုလွတ်၊ ဖျားစုထွတ် လျှင်၊ ကိုင်းညွှတ်ကယ် အာရုံ၊ တရားလှုံ့လို့၊ ပွားတုံသံဝေ၊ အထွတ်ပန်း၊ ဆွတ်လှမ်းချွေလျက်၊ စံနေသရော်၊ ရွှေသက်တော်မူ၊ ရင့်ရော်ရှုယ် ရောက်၊ ခြောက်ဆယ့်ခြောက်ဝယ်၊ ထွန်းတောက်ကယ် ကောဇာမြတ် အခါဟု၊ သတ္တာအဋ္ဌ၊ ဒွိကေတွင်၊ ဒေဝသဘင်။ စံစေကြောင်း ခညောင်းတင်လို့၊ အရှင်စုခေါင်၊ လူ့တိုင်းကို ရှောင်ခဲ့ပေါ့၊ မြားမြောင်တဲ့၊ မြန်တွေ မှာ၊ ဉာဏ်သံဝေ ကိုယ်စီ ထိန်းပေတော့၊ ငြိမ်းဘို့ သန္တိ။ ။

လယ်တီပဏ္ဍိတ



mgyoe.com

mgyoe.com




အမျိုးသားစာပေခေါင်းဆောင်
လယ်တီပဏ္ဍိတ ဆရာ ဦးမောင်ကြီး

mgyoe.com

mgyoe.com





လယ်တီတရားသတင်းစာ

လယ်တီပဏ္ဍိတ-ဆရာဦးမောင်ကြီး။

LEDI RELIGIOUS NEWS.

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အထွာပြုတွိ စာတမ်း

## [လယ်တီပဏ္ဍိတ ဆရာ ဦးမောင်ကြီး ၂၅ - နှစ်မြောက် အထိမ်းအမှတ်]

ဒဂုန် – ဦးထွန်းမြင့်

စာပေသည် လူမျိုး၏အရေးကြီးသော ယဉ်ကျေးမှုမှတ်တိုင်ကြီးဖြစ်သည်။ စာပေမပျောက်သရွေ့ ယဉ်ကျေးမှု မပျောက်နိုင်၊ ယဉ်ကျေးမှု မပျောက်သရွေ့ လူမျိုး မတိမ်ကောနိုင်၊ စာပေတည်းဟူသော ယဉ်ကျေးမှုမှတ်တိုင် အခိုင်အခန့်ရှိနေသော လူမျိုးသည် ကံမကောင်းအကြောင်းမလှသဖြင့် သူတစ်ပါး၏ လွှမ်းမိုးခြင်းကို ခံရသော်လည်း တစ်နေ့တွင် ပြန်လည်ထွန်းကားလာရစမြဲဖြစ်သည်။ ကျွန်ုပ်တို့ မြန်မာလူမျိုးသည် ကိုယ်ပိုင်စာပေရှိသော လူမျိုးဖြစ်သည်။ ကိုယ်ပိုင်ယဉ်ကျေးမှုရှိသော လူမျိုးဖြစ်သည်၊ ကိုယ်ပိုင်စာပေတည်းဟူသော ယဉ်ကျေးမှုမှတ်တိုင် အခိုင်အခန့်ရှိသောကြောင့် ကံမကောင်းအကြောင်းမလှသဖြင့် သူတစ်ပါးလက်အောက် ရောက်ခဲ့ရသော်လည်း မတိမ်ကော မပျောက်ပျက်ဘဲ ယခုအခါ ပြန်လည်ထွန်းကားလျက် ရှိနေပေပြီ။ နောင်ကိုလည်း စာပေဟူသော ယဉ်ကျေးမှု မှတ်တိုင်ခိုင်ခိုင်ခံ့ခံ့ တည်ရှိနေသရွေ့ ကာလပတ်လုံး မတိမ်ကော မပျောက်ပျက်ဘဲ ကမ္ဘာတွင် မြန်မာဟူ၍ ရှိနေမည်သာ ဖြစ်သည်။

ယင်းသို့ ကမ္ဘာတွင် မြန်မာဟု တည်ရှိနေရန်အတွက် ရှေးရှေးသော မြန်မာ စာဆိုတော်ကြီးများသည် စာပေတည်းဟူသော ယဉ်ကျေးမှုမှတ်တိုင်ကြီးကို အခိုင်အမာ တည်ဆောက်ခဲ့ကြလေသည်။ ရှေးရှေးသော စာဆိုတော်ကြီးများ တည်ဆောက်ခဲ့သည့် စာပေဟူသော ယဉ်ကျေးမှု မှတ်တိုင်ကြီးကို ခေတ်အဆက်ဆက်တွင် ပေါ်ပေါက်လာကြသော ပညာရှိကဝိစာဆိုတော်ကြီးတို့ကလည်း ဆက်လက် ထိန်းသိမ်းကြသည်။ ယင်းသို့ ဆက်လက် ထိန်းသိမ်းကာ နောက်လူနောက်သားများသို့ လက်ဆင့်ကမ်းလာခဲ့ကြသောကြောင့် ယနေ့အထိ ကျွန်ုပ်တို့ မြန်မာလူမျိုး၌ စာပေဟူသော ယဉ်ကျေးမှု မှတ်တိုင်ကြီး ခိုင်ခိုင်ခံ့ခံ့

mgyoe.com

ရှိနေခြင်းဖြစ်သည်။

ခေတ်တိုင်းခေတ်တိုင်း၌ စာပေဆိုင်ရာ ပညာရှိ ပုဂ္ဂိုလ်ကြီးများ ပေါ်ပေါက်လာလျက် ထိုစာပေ ပညာရှင်ကြီးများသည် ရှေးရှေးသော ပညာရှိကဝိပုဂ္ဂိုလ် စာဆိုတော်ကြီးများ၏ စာပေအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ကာ နောင်လာနောက်သားများအား တစ်ဆင့်ဖြန့်ဖြူးခဲ့ကြလေသည်။

ယင်းသို့ ရှေးရှေးသော ပညာရှိ ကဝိစာဆိုတော်ကြီးများ၏ မြန်မာစာပေ အမွေအနှစ်ကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ကြသော ပညာရှိ ကဝိစာဆိုတော်ကြီးများ ခေတ်တိုင်းခေတ်တိုင်း၌ ပေါ်ပေါက်ခဲ့ကြသည်ဖြစ်ရာ၊ ကျွန်ုပ်တို့ သိမီလိုက်သည့် အင်္ဂလိပ်ခေတ်၌ ပေါ်ပေါက်ခဲ့သော မြန်မာစာဆိုပုဂ္ဂိုလ်ကြီးများအနက် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် လွန်စွာထင်ရှားသည့် ပညာရှိ စာဆိုတော်ကြီးတစ်ယောက်ဖြစ်သည်။

လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် အထက်မြန်မာပြည် မုံရွာမြို့တောင်ဘက် ခုနစ်မိုင်ကွာ ညောင်ဖြူပင်ရွာကြီး၌ မြန်မာသက္ကရာဇ် ၁၂၄၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၉ ရက်၊ (၁၈၇၉ ခု၊ ဇန်နဝါရီလ ၃၀ ရက်) ကြာသပတေးနေ့တွင် ဦးရောက်၊ ဒေါ်ထပ်ဟူသော မိဘနှစ်ပါးမှ ဖွားမြင်လာသည့် တစ်ဦးတည်းသော သားဖြစ်သည်။ ဖခင်ဦးရောက်မှာ ညောင်ဖြူပင်ရွာသားဖြစ်၍၊ မိခင်ဒေါ်ထပ်ကား မုံရွေးသူဖြစ်သည်။ စာတော်ဖတ် ဖြစ်သည်ဟုလည်း သိရသည်။ ဆရာဦးမောင်ကြီး၏ ငယ်မည်မှာ မောင်သန့်ဖြစ်သည်။

အသက် ၇ နှစ်သားအရွယ်တွင် ညောင်ဖြူပင်ရွာ မရမ်းပင်ကျောင်းဘုန်းတော်ကြီး ဦးဂမ္ဘီရထံတွင် မိဘများက အပ်နှံသဖြင့် စ၍ စာသင်ခဲ့ရသည်။ သင်ပုန်းကြီး၊ မင်္ဂလသုတ်၊ ပရိတ်ကြီးလောကနီတိတို့ကို တစ်နှစ်အတွင်း၌ပင် သင်ကြားတတ်မြောက်၍ လောကနီတိချိုး၊ ဓမ္မနီတိချိုးတို့ကိုလည်း နှုတ်ငုံရလေသည်။ ၉ နှစ်သား အရွယ်တွင် ရှင်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ရှင်သာမဏေဘွဲ့မှာ ရှင်ပဏ္ဍိစ္စဟူ၍ဖြစ်သည်။ ရှင်ပြုပြီး၍ မကြာမီပင် မိခင် ဒေါ်ထပ် ကွယ်လွန်၍ ၊ ၁၃ နှစ်သား အရွယ်သို့ ရောက်သော အခါ ဖခင်ဦးရောက်ကွယ်လွန်ပြန်သဖြင့်၊ မွေးချင်းပေါက်ဖော်မရှိသော မောင်သန့်မှာ တစ်ကောင်ကြွက် တစ်မျက်နှာဖြစ်လျက် လောကကြီး အလယ်တွင် ညှိုးငယ်စွာ ကျန်ရစ်ခဲ့လေသည်။

မောင်သန့်သည် မိဘမဲ့သားတို့၏ အများအားဖြင့် ဖြစ်တတ်သည့်သဘာဝအတိုင်း တစ်နေရာရာ၌ တည်တံ့ခြင်းမရှိဘဲ၊ သာမဏေဝတ်လိုက် လူထွက်လိုက်ဖြင့် ပြောင်းလဲနေခဲ့ရာ၊ အသက် ၁၇ နှစ် ၁၈ နှစ် အရွယ်သို့ ရောက်သောအခါ၊ စတုတ္ထအကြိမ်မြောက် သာမဏေဝတ်ပြီးလျှင် ၁၂၅၈ ခု၊ တပေါင်းလဆန်း ၈ ရက် (၁၈၉၇ ခု၊ မတ်လ ၁၀

mgyoe.com

mgyoe.com

ရက်) နေ့တွင် မုံရွာမြို့ လယ်တီဆရာတော် ဘုရားကြီးထံသို့ ရောက်ရှိသွားလေသည်။

လယ်တီ ဆရာတော်ဘုရားကြီးက ရှင်ပဏ္ဍိစ္စဆိုသော ဘွဲ့အမည်မှာ သူ့ဆရာ စလင်းဆရာတော်ဘွဲ့နှင့် တူသည်ဆိုကာ ရှင်ပဏ္ဍိစ္စအား ရှင်ပဏ္ဍိတဟူ၍ ပြင်ဆင်မှည့်ခေါ်လေသည်။ ရှင်ပဏ္ဍိတသည် လယ်တီဆရာတော်ဘုရားကြီးထံ၌ ပိဋကတ်အခြေခံ ကျမ်းဂန်များကို သင်ကြားရာ ဆရာတော်ကြီးကိုယ်တိုင် ထုတ်ဖော်ချီးကျူးရလောက်အောင် ထူးချွန်ခဲ့လေသည်။ အသက် ၂၀ ပြည့်သောအခါ ၁၂၆၀ ပြည့်နှစ်၊ တပေါင်း လပြည့်ကျော် ၈ ရက် (၁၈၉၉ ခု၊ မတ်လ ၃ ရက်) နေ့၌ ရဟန်းအဖြစ်သို့ ရောက်လျက် မကြာမီပင် လယ်တီတိုက်ကြီးထဲ၌ စာချပုဂ္ဂိုလ်ဖြစ်လေသည်။

ငယ်ရွယ်စဉ်ကပင်လျှင် လောကနီတိချိုး၊ ဓမ္မနီတိချိုးများကို သင်ကြားခဲ့ရ၍ ကဗျာငွေ့မိလာခဲ့သော ဦးပဏ္ဍိတသည် လယ်တီဆရာတော်ဘုရားကြီး၏ ကဗျာများကို လေ့လာခွင့်ရသောအခါ၊ ကဗျာအရာ၌ ဝါသနာဉာဏ်ရှိသူဖြစ်သည့်အလျောက် တတ်မြောက်ကျွမ်းကျင်လာလေသည်။ ဦးပဏ္ဍိတသည် ပါဠိစာပေဘက်တွင် သဒ္ဒါအရာ၌ လွန်စွာအမြင်သံသဖြင့် သဒ္ဒါပဏ္ဍိတဟူ၍ ကျော်စောသကဲ့သို့ပင် ကဗျာအရာ၌လည်း ကဗျာပဏ္ဍိတဟူ၍ ကျော်စောခဲ့လေသည်။

လယ်တီပဏ္ဍိတ ဟု တွင်ခြင်းမှာ ရဟန်း ၃ ဝါ ရသောအခါ မန္တလေးမြို့ မဟာဝိသုဒ္ဓါရာမ ဆရာတော်ကြီးထံတွင် သက္ကတဘာသာကို သင်ကြားစဉ်က ဖြစ်သည်။ ဝိသုဒ္ဓါရုံ ဆရာတော်ကြီးက ဦးပဏ္ဍိတအား လယ်တီတိုက်မှလာသူ ဖြစ်သောကြောင့်လည်းကောင်း၊ လယ်တီဆရာတော်၏တပည့်ဖြစ်သောကြောင့် လည်းကောင်း၊ လယ်တီပဏ္ဍိတဟူ၍ ခေါ်ဝေါ်လေသည်။ ထိုအခါမှစ၍ လယ်တီပဏ္ဍိတဟုတွင်လေသည်။

လယ်တီပဏ္ဍိတသည် ရဟန်း ၅ ဝါအရတွင် ပါဠိ ပိဋကတ်ဆိုင်ရာ၌ လည်းကောင်း၊ သင်္သကရိုက်ဘာသာဆိုင်ရာ၌လည်းကောင်း၊ ပညာရှိတစ်ဦးဟု ချီးကျူးရလောက်အောင် စုံလင်စွာ သင်ကြားတတ်မြောက်ခဲ့ပြီးဖြစ်သည်။ ထိုအချိန်လောက်မှစ၍ ပစ္စယမဉ္ဇရီ၊ ဝိထိမဉ္ဇရီ၊ စသော အဘိဓမ္မာဆိုင်ရာ ကျမ်းများ၊ သဒ္ဒမဉ္ဇရီစသော သဒ္ဒါဆိုင်ရာကျမ်းများ၊ ကုသဂီတိ စသော ပါဠိကဗျာကျမ်းများ စသည်ဖြင့် ပါဠိပိဋကတ်ဆိုင်ရာကျမ်းများကို ရေးသားပြုစုခဲ့လေသည်။

လယ်တီပဏ္ဍိတသည် အသက် ၃၀ အရွယ်သို့ ရောက်သောအခါ ရဟန်း ၉ ဝါအရ ၁၂၆၉ ခု၊ တပို့တွဲလ၊ (၁၉၀၈ ခု၊ ဖေဖော်ဝါရီလ) တွင် လူထွက်ခဲ့သည်။ အမည်မှာလည်း ငယ်အမည် မောင်သန့်မဟုတ်ဘဲ မောင်မောင်ကြီးဟူ၍ တွင်လေသည်။ လူ့အဖြစ်သို့ ရောက်ပြီးနောက်၊ ပျဉ်းမနားမြို့ ဦးအောင်ဒွန်း – ဒေါ်ညိမ်းတို့၏သမီး မမကြီးနှင့်

mgyoe.com

လက်ထပ်ခဲ့သည်။

လယ်တီပဏ္ဍိတဆရာဦးမောင်ကြီးသည် ပျဉ်းမနားတွင် ၃ နှစ်ခန့်၊ မန္တလေးတွင် တစ်နှစ်ခန့်နေပြီး၊ ၁၉၁၁ ခုနှစ်တွင် မြန်မာ့အလင်း ဦးရွှေကြူးက ခေါ်လာသဖြင့် ပထမဆုံး မြန်မာ့အလင်းမဂ္ဂဇင်းတွင် အယ်ဒီတာလုပ်သည်။ ခေါင်းကြီး၊ နီတိခန်း၊ ဒေသန္တရဆောင်း ပါးနှင့် ဝတ္ထုတို့ကို တစ်ဦးတည်း တာဝန်ယူ၍ ရေးသည်။ မောင်သောကဝတ္ထု၊ သကုဏ္ဍလ ဝတ္ထု၊ ခင်မြင့်ကြီးဝတ္ထုတို့ကို ထိုအခါကပင် မြန်မာ့အလင်းမဂ္ဂဇင်း၌ ရေးသည်။ မောင်သောက ဝတ္ထုမှာ ဆရာဦးမောင်ကြီး၏ ပထမဆုံး ဝတ္ထု ဖြစ်ဟန်တူသည်။ ဒုတိယ တွဲကိုကား ပညာ့အလင်းသို့ ရောက်မှရေးသည်။ သို့ရာတွင် စာအုပ်အဖြစ် ရောက်ဟန် မတူ။

မြန်မာ့အလင်းတွင် ရှိတ်စပီးယားဝတ္ထုများကိုလည်း ဘာသာပြန်ခဲ့သည်။ ဦးရွှေကြူးက အင်္ဂလိပ်မှ ဘာသာပြန်၍ ဖတ်ပြသည်ကို ဆရာဦးမောင်ကြီးက ရေးသည်ဟု သိရသည်။ ယင်းကို ထောက်၍ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် ပိဋကတ် နယ်ပယ်တွင် ထိုင်နေသည့် ပါဠိဘာသာတတ် မြန်မာပညာရှိကြီး တစ်ယောက် ဖြစ်သော် လည်း တစ်ဖက်သတ်သမား မဟုတ်။ ခေတ်ပညာတတ် အနောက်နိုင်ငံပညာရှိများ စာဆို များ၏ အဆိုအမိန့်များကိုလည်း လေ့လာကြောင်း ထင်ရှားပေသည်။ "ဆရာဟာ ခေတ်မီ တယ်၊ ခေတ်အယူအဆများကို လက်ခံတယ်၊ ခေတ်လူများ (အနောက်နိုင်ငံ ပညာရှိများ) ရဲ့ အတွေးအခေါ်ကိုမီအောင် လိုက်တွေးနိုင်တယ်" ဟူ၍ ဆရာဦးမောင်ကြီးနှင့် လွန်စွာ ရင်းနှီးသည့် စက်ရှင်တရားသူကြီးဟောင်း ဦးဘသော် (ဝတ်လုံတော်ရ) က ပြောဖူးသည်။

မြန်မာ့အလင်းမဂ္ဂဇင်း ပျက်သွားသောအခါ၊ ပညာ့အလင်းမဂ္ဂဇင်းသို့ ရောက်လေ သည်။ ပညာ့အလင်းသို့ ရောက်သောအခါလည်း မြန်မာ့အလင်း မဂ္ဂဇင်းမှာသို့ကဲ့ပင် ခေါင်းကြီးပိုင်းမှစ၍ အခန်းများစွာကို ရေးရသည်။ ပညာ့အလင်းမဂ္ဂဇင်းတွင် သန်းသန်း ဝတ္ထုနှင့်တကွ အခြားဝတ္ထုတိုကလေးများကိုလည်း ရေးသည်။ ဆရာဦးမောင်ကြီးရေးသော ဝတ္ထုတိုများ အနက် "အလင်းနှင့် အမှောင်" ဟူသော ဝတ္ထုတိုကလေးကို လန်ဒန်အတ် ဦးအုန်းမောင်လက်ထက်က "စိတ်အာရုံ" ဟူသော အမည်ဖြင့် ဒါရိုက်တာတုတ်ကြီးက ရုပ်ရှင်ရိုက်ဖူးကြောင်း၊ ဇေမ်း ဦးတင်နွယ် (ယခုရုပ်ရှင်နှင့် ပြဇာတ် အစည်းအရုံးဥက္ကဋ္ဌ) ထံမှ သိရသည်။ ဒါရိုက်တာ ဦးတုတ်ကြီးမှာ ထိုစဉ်အခါက ပညာ့အလင်းတွင် မန်နေဂျာ ဖြစ်၍ ၎င်းဝတ္ထုတိုကလေးများ ဆရာရေးကြောင်း ပြောပြသဖြင့် သိရသည်ဟု ဦးတင်နွယ်က ပြောသည်။

ပညာ့အလင်းရောက်ပြီးနောက် မြန်မာ့အလင်း ဆရာသင်ကို လူဆိုးမိုးက သတ်

mgyoe.com

mgyoe.com

သည့်အမှုကြီး ဖြစ်လာသဖြင့်၊ အထက် မုံရွာသို့ ပြန်သွားသည်။ ၁၉၂၂ ခုနှစ် (၁၂၈၄ ခုလောက်) တွင် ဒဂုန်က ခေါ်ယူသဖြင့် ထိုနှစ်မှစ၍ ဒဂုန်မဂ္ဂဇင်းတွင် အယ်ဒီတာ လုပ်သည်။ ခေါင်းကြီး၊ နီတိခန်း ဝတ္ထုရှည်နှင့် ယုဝတီစက္ခုခန်းကို ရေးသည်။ ထိုအခါက ယုဝတီစက္ခုခန်းကို စာဖတ်ပရိသတ်က အလွန်နှစ်သက် သဘောကျသည်ဟု သိရသည်။ ဆယ်နှစ်ခန့်လောက် ဆရာ ဦးမောင်ကြီး ဦးစီးအုပ်ချုပ်ရေးသားခဲ့သည့် ဒဂုန်မဂ္ဂဇင်းကြီး၏ ရနံ့များမှာ ယနေ့တိုင်အောင်ပင် မြန်မာစာပေလောက၌ သင်းထုံလျက် ရှိပေသေးသည်။

လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် ပါဠိမြန်မာ စွယ်စုံပုဂ္ဂိုလ်ကြီးဖြစ်သည်။ စာအုပ်ပေါင်းများစွာ ရေးသားပြုစုသည့် ကျမ်းပြုပုဂ္ဂိုလ်ကြီး တစ်ဦးလည်း ဖြစ်သည်။ ယမိုက် အဖြေကျမ်း၊ ပရမတ္ထသံခိပ်ဋီကာကျမ်းကြီး၊ ပါဠိအဘိဓာန်၊ ဝိဓိမဥ္စရီ၊ ပစ္စယမဉ္စရီ၊ သဒ္ဒမဥ္စရီ စသော ပိဋကတ်ဆိုင်ရာ ကျမ်းဂန်များ၊ နီတိမာလာ၊ နီတိမဥ္စရီ၊ သူရဿတီနီတိ၊ စာဏကျနီတိ စသောနီတိကျမ်းများ၊ ဝေဿန္တရာဂီတိ၊ ကုသဂီတိ၊ ဘဂဝါဂီတိ စသော ဂီတိ (ပါဠိကဗျာ) ကျမ်းများ၊ သော္တမာလာ၊ ဒေသနာမဥ္စရီ၊ သာစုသုန္ဒရီ စသော တရားစာအုပ်များ၊ ခင်မြင့်ကြီး၊ တင်တင်မြ၊ သန်းသန်း၊ ရွှေပြည်ကြီးစသော ဝတ္ထုများ နတ်သျှင်နောင်ဝတ္ထု၊ ဗညားနွဲ့ဝတ္ထု၊ တပင်ရွှေထီးဝတ္ထုစသော ရာဇဝင်ဝတ္ထုကြီးများ၊ ဓမ္မစကြာ အမေးအဖြေ၊ ပဋ္ဌာန်းအမေးအဖြေ၊ အနတ္တစက္ခုစသော စာအုပ်များ၊ ထေရာဘာသာပြန်၊ ထေရီဘာသာပြန် စသော ဘာသာပြန် စာအုပ်များ စသည်တို့ကို အမည်ရင်းဖြင့်လည်းကောင်း၊ မန္တလေး မောင်ခင်မောင် ဟူသောအမည်ဖြင့်လည်းကောင်း ရေးသားပြုစုခဲ့သည့် စာအုပ်ပေါင်းမှာ ၄၀၀ နီးပါးခန့်ရှိသည်ဟု သိရပေသည်။

လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် ကဗျာစာဆိုကြီး တစ်ယောက်လည်း ဖြစ်သည်။ အထက်တွင် အနည်းငယ် ဖော်ပြခဲ့သော စာအုပ်များကို ရေးသားပြုစုလျက်၊ မဂ္ဂဇင်းခေါင်းကြီး စသည်တို့ကိုလည်း အမြဲမပြတ် ရေးနေရသည့်အတွင်းမှပင် ကဗျာပုဒ်ရေပေါင်း မြောက်မြားစွာကိုလည်း ဖွဲ့ဆိုခဲ့လေသည်။ ဆရာ ဦးမောင်ကြီးသည် စာအရေးသားနိုင်ဆုံးသော စာရေးဆရာကြီး တစ်ယောက်သာ မဟုတ်၊ ကဗျာအရေးနိုင်ဆုံးသော ကဗျာဆရာကြီးတစ်ယောက်လည်းဖြစ်သည်။

လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် မြန်မာစာပေသမိုင်းတွင် မပေါ်ခဲ့ဖူးသည့် ရှစ်လုံးဘွဲ့ မြန်မာကဗျာဆိုသော ကဗျာတစ်မျိုးကို စတင် တီထွင် ရေးစပ်ခဲ့လေသည်။ ဆရာ ဦးမောင်ကြီး တီထွင်ခဲ့သည့် ရှစ်လုံးဘွဲ့ မြန်မာကဗျာတစ်ပုဒ်ကို နမူနာအဖြစ် ဖော်ပြလိုက်ပါသည်။

mgyoe.com

mgyoe.com

ရှစ်လုံးဘွဲ့ မြန်မာကဗျာ

ချစ်ပီယနှင့်၊ ဒေါသစိတ်မာန်
ငါလားနင်လား၊ အင်အားတူတန်
စစ်ဆိုင်သွန်ကြဲ၊ လွန်ကဲတိုက်လှန်
လက်နက်ချ၊ ဒေါသ ရှုံးလိမ့်မှန်။
(တပင်ရွှေထီးဝတ္ထု၊ ပ – ၁၀၅)

လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် စာရေးရာ၌ ရေးမည့် အကြောင်းအရာ အချက်အလက်ကို မရေးမီ စဉ်းစားပြီး စ၍ ရေးသောအခါ၌ကား ရပ်နားခြင်းမရှိဘဲ တောက်လျှောက် တရှိန်တည်း ရေးသားလေ့ရှိသည်။ "စာရေးမယ်လို့ စက္ကူပေါ် ကလောင် တင်လိုက်ရင် စာလုံးကလေးတွေက သူ့အရင် ရေးပါ၊ ငါ့အရင် ရေးပါဆိုပြီး စုပြုံတိုးအုံလာ ကြတယ်၊ အဲဒီအထဲက လိုချင်တဲ့ စာလုံးကလေးတွေကို ဆွဲယူလိုက်ရုံပဲ" ဟု ဆရာဦးမောင် ကြီးက ဤစာရေးသူကို ပြောဖူးသည်။ "သူ့ခေါင်းက သိပ်ထွက်နေတယ် ထင်ပါရဲ့၊ စာရေးရင် အနားမရှိဘဲ တစ်ခါတည်းတောက်လျှောက် ရေးသွားတာပဲ၊ ဖောင်တိန်ကို ်သုံးဘူး၊ ကလောင်တံမှာ တပ်ပေးရတယ်၊ တစ်ခါထဲ တောက်လျှောက်ရေးရင် လက် ညောင်းတယ်၊ ကလောင်တံနဲ့ ရေးမှ မင်အိုးကို လှမ်းလှမ်းတို့ရတော့ အညောင်းပြေတယ် ကွဲ့" ဟု ပြောဖူးကြောင်း ဇေမ်းဦးတင်နွယ်ထံမှ သိရသည်။ သုဓမ္မဝတီဦးပန်းမောင်၏– ကျွန်ုပ်သိသော လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးတွင်လည်း "ကလောင်စချသည်မှ ဆုံးသည်အထိ တရှိန်ထိုးရေးတတ်သည်" ဟု တွေ့ရသည်၊ ယင်းသို့ ရေးနိုင်စွမ်းသော ကြောင့်လည်း မဂ္ဂဇင်းတွင် အယ်ဒီတာချုပ်အဖြစ် တာဝန်ယူကာ အခန်းပေါင်းများစွာကို ရေးသားနေရသည့်ကြားမှပင် စာအုပ်ပေါင်းများစွာကို ရေးသားနိုင်ခဲ့ရုံမျှမက၊ ကဗျာပေါင်း မြောက်မြားစွာကိုလည်း အံ့သြလောက်အောင် ဖွဲ့ဆိုနိုင်ခဲ့ခြင်းဖြစ်ပေသည်။ ဆရာ ဦးမောင်ကြီးသည် နေ့စဉ် နေ့လယ် ၁၂ နာရီမှ ညနေ ၄ နာရီအထိ စာရေးသည်။ ထေရီ ဘာသာပြန်စသော ဘာသာပြန် စာအုပ်များကိုကား နံနက်အချိန်တွင် ဆရာက နှုတ်က ပြောပေးလျက် မအေးကြည်အမည်ရှိသော တပည့်မကို ရေးခိုင်းသည်ဟု သိရ၏။

ဆရာဦးမောင်ကြီးသည် အသက် ၅၅ နှစ်အရွယ်လောက်တွင် မူးဝေသောရောဂါ စွဲကပ်လာသဖြင့် စာကိုကောင်းစွာ မရေးနိုင်တော့ဘဲ နောက်ဆုံးတွင် စာရေးခြင်းအလုပ် ကို ဖြတ်ကာ၊ ၁၂၉၄ ခုနှစ်၊ နတ်တော်လ (၁၉၃၂ ခု၊ နိုဝင်ဘာလ) တွင် မုံရွာမြို့သို့ ပြောင်းရွှေ့ နေထိုင်လေသည်။

mgyoe.com

mgyoe.com

လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် မြန်မာသက္ကရာဇ် ၁၃၀၁ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်၊ (၁၉၃၉ ခု၊ ဧပြီလ ၂၁ ရက်) အသက် ၆၁ နှစ်တွင် မုံရွာမြို့၌ပင် ကွယ်လွန် အနိစ္စရောက်လေသည်။ ဆရာဦးမောင်ကြီးတွင် ပထမဇနီး ဒေါ်မမကြီးနှင့် မောင်တင်ဦးဆိုသော သားတစ်ယောက် ထွန်းကားသည်။ သားသမီး လေးယောက် ရသော်လည်း သုံးယောက် အဖတ်မတင်ဟု သိရသည်။ ၁၂၈၀ ပြည့်နှစ်တွင် ဒေါ်မမကြီးကွယ်လွန်သဖြင့်၊ ၁၂၈၃ ခုနှစ်တွင် ဒေါ်အေးနှင့် ပေါင်းသင်းရာတွင် မတင်ဦးဆိုသော သမီးတစ်ယောက် ထွန်းကားပြန်သည်။ သား ဦးတင်ဦးမှာ ကွယ်လွန်ပြီဖြစ်၍၊ သမီးမတင်ဦးမှာ မိခင်ဖြစ်သူ ဆရာကတော်ဒေါ်အေးနှင့် မုံရွာမြို့တွင် နေထိုင်လျက် ရှိသည်။ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် စာအုပ်ပေါင်းများစွာ ရေးသားပြုစုခဲ့သည့် ပါဠိမြန်မာပညာရှိကြီး တစ်ယောက် ဖြစ်သော်လည်း တစ်ဖက်တွင် မဂ္ဂဇင်းများ၌ အယ်ဒီတာချုပ်အဖြစ် တာဝန်ယူ ရေးသားနေရသည် ဖြစ်သောကြောင့် နိုင်ငံရေးကိုလည်း လျစ်လျူရှုခဲ့သည် မဟုတ်ချေ။ ဆရာဦးမောင်ကြီး၏ ခေတ်မှာ ဂျီ–စီ–ဘီ–အေ ခေါ်သော ဝံသာနုခေတ်ဖြစ်လေရာ၊ ဆရာဦးမောင်ကြီးသည် တိုင်းသူပြည်သား အများစုပါဝင်သည့် ဂျီ–စီ–ဘီ–အေ ဘက်မှ အမြဲတမ်း ထောက်ခံလျက် ဗြိတိသျှအုပ်ချုပ်ရေးတွင် ရာထူးလက်ခံပါဝင်ဆောင်ရွက်သူများကို အထူး ရှုတ်ချပြစ်တင်ခဲ့လေသည်။

လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် တိုင်းပြည်အကျိုးကို အသက်ထက်ဆုံး သည်ပိုးဆောင်ရွက်ပါမည်ဟု အဓိဋ္ဌာန်ပြုထားသည့်အလား တိုင်းပြည်အကျိုးရှိရာရှိကြောင်း စာများကို အမြဲတမ်း ရေးသားလာပြီးနောက်၊ မူးဝေသောရောဂါကြောင့် စာမရေးနိုင်တော့သည့်အခါတွင် ထိုအချိန်က တိုင်းပြည်အကျိုးကို ထိရောက်စွာ ဆောင်ရွက်နေသည့် သခင်အသင်းကြီးထဲသို့ ဝင်လေတော့သည်။ အသက် ၆၀ ကျော် ကွယ်လွန်ခါနီး အခါရောက်မှ သခင်အသင်းထဲ ဝင်ခြင်းကိုထောက်၍ ဆရာဦးမောင်ကြီးသည် မျိုးချစ်စိတ် မည်မျှကြီးမားပြင်းထန်သည်ဆိုသည်ကို ကောင်းစွာ သိနိုင်ပေ၏။

လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးအား နိုင်ငံရေးနှင့် ဆိုင်သည့် မျိုးချစ်ပုဂ္ဂိုလ်ဟူသော ဂုဏ်ထက်၊ စာပေနှင့် ဆိုင်သည့် ပညာရှိ ကဝိစာဆိုဟူသော ဂုဏ်ကိုသာ အပ်နှင်းလိုသော သဘာဝတရားကြီးသည် ဆရာဦးမောင်ကြီး၏ မျိုးချစ်စိတ် ကြီးမား ပြင်းထန်မှု အကောင်အထည်ပေါ်လာပါက ပညာရှိကဝိစာဆိုဟူသော ဂုဏ် အနည်းငယ်လျော့ပါးသွားမည်ကို စိုးရိမ်သည့်အလား ၆၁ နှစ်အရွယ်တွင် ဇာတ်သိမ်းစေခဲ့လေသည်။ ။

mgyoe.com

mgyoe.com

# ဘဝဖြစ်စဉ်

[လယ်တီပဏ္ဍိတ ဆရာ ဦးမောင်ကြီး ကွယ်လွန်သည့်
၂၅ နှစ်မြောက် အထိမ်းအမှတ်ပွဲတွင် ဝေမ်းဦးတင်နွယ် ပြောကြားသည့်
လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏ ဘဝဖြစ်စဉ်]

ဝေမ်း ဦးတင်နွယ်

သဘာပတိကြီးနှင့်တကွ ကြွရောက်လာကြသော ပရိသတ်အပေါင်းတို့ခင်ဗျား။ မဟာဝိဇ္ဇာဘွဲ့ရ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးနှင့် တွေ့ဆုံသိရှိရင်းနှီးခဲ့သမျှကို ဆရာ ကွယ်လွန်သည့် ၂၅ မြောက် အထိမ်းအမှတ်ပွဲတွင် ဖွင့်ဟတင်ပြ ချီးကျူးပြောဟောခွင့်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါသည်။

မဟာဝိဇ္ဇာဘွဲ့ရ ဆရာဦးမောင်ကြီး၏အကြောင်းကို မပြောမီ ဆရာဦးမောင်ကြီးသည် မြန်မာစာပေ ခေတ်အမျိုးမျိုး ရှိသည့်အနက် မည်သည့်စာပေခေတ်တွင် ပေါ်ပေါက်လာသည်ဆိုသော အကြောင်းကို သိသာရန် မြန်မာစာပေခေတ်ကို အနည်းငယ် ပြောလိုပါသည်။

မြန်မာစာပေခေတ်ကို ၉ ပိုင်း ပိုင်းခြားနိုင်ပါသည်။

၁။ မြန်မာစာပေအစ ပုဂံကဟု ဆိုရိုးပြုကြသည့်အတိုင်း မြန်မာစာကို ကျောက်ထက် အက္ခရာတင်ခဲ့သည့် ပုဂံခေတ်ကို မြန်မာစာပေ၏အစ ပထမခေတ်ဟု ဆိုနိုင်ပါသည်။

၂။ ဒုတိယခေတ်မှာ ပင်းယခေတ် ဖြစ်ပါသည်။ ပင်းယခေတ်တွင် မြန်မာစာပေသည် ကျောက်စာ စကားပြေမှ တစ်ဆင့်တက်ကာ တျာဘွဲ့၊ ကာချင်း၊ ရတုအရေးအသားများအထိ တိုးတက်လာခဲ့ပါသည်။ စတုရင်္ဂဗလ အမတ်ကြီး၏ ရတုကို ထောက်၍ သိနိုင်ပါသည်။

၃။ တတိယခေတ်မှာ အင်းဝခေတ်ဖြစ်ပါသည်။ အင်းဝခေတ်တွင် မြန်မာစာပေသည်၊ လွန်စွာတိုးတက်လျက်၊ လင်္ကာစကားပြေရောစပ်သော အရေးအသားများ၊ ဥပမာ

mgyoe.com

mgyee.com
ဥပမေယျ စသော ဝေါဟာရကြွယ်သော အရေးအသားများ ပေါ်ပေါက်လာပါသည်။ ကျေးစေ၊ မယ်ဘွဲ့၊ ဧချင်း၊ စစ်ချီရတု၊ မော်ကွန်း၊ မေတ္တာစာ၊ ပျို့စသော အရေးအသားများ ပေါ်ထွန်းလာခဲ့ပါသည်။ စာပေအကျော်အမော် ပေလေးပင် ရှင်လေးပါးဟု ထင်ရှားသိုက်ဝင်သည့် စာဆိုအကျော်များလည်း ပေါ်ထွန်းခဲ့ပါသည်။

၄။ စတုတ္ထခေတ်မှာ တောင်ငူခေတ်ဖြစ်ပါသည်။ တောင်ငူခေတ်တွင် အဏ်ချင်း အရေးအသား စတင်ပေါ်ပေါက်လာပါသည်။ တောင်ငူခေတ်ကို အထူးအားဖြင့် ရတုခေတ်ဟုဆိုလျှင် မမှားပါ။ ပြည်နဝဒေးကြီးနှင့် ရတုဘုရင် နတ်သျှင်နောင်တို့ ပေါ်ပေါက်လာကြပါသည်။ ဤတောင်ငူခေတ်၌ပင် ဂီတနှင့် တွဲပြီး သီဆိုနိုင်သည့် သီချင်းကို မင်းဓေယရန္တမိတ်က စတင်တီထွင်ရေးသားခဲ့ပါသည်။ စာဆို ရှင်သံခိုကလည်း နတ်သျှင်နောင်အမွေကို ခံယူပြီး ထူးကဲပြောင်မြောက်သည့် ရတုများကို ရေးခဲ့ပါသည်။

၅။ ပဥ္စမစာပေခေတ်ကား ညောင်ရမ်းခေတ် ဖြစ်ပါသည်။ ညောင်ရမ်းခေတ်ကို ဝတ္ထုစကားပြေခေတ်ဟု ဆိုချင်ပါ၏။ အင်းဝနှင့် တောင်ငူခေတ်က ပျိုးထောင်ခဲ့သည့် စာပေကို စကားပြေဖြင့် ပြန်လည်မွမ်းမံသော ခေတ်ဖြစ်ပါသည်။ ညောင်ရမ်းခေတ်တွင် လူးတားနှင့် နတ်ချင်းကို စတင်ရေးသားကြပါသည်။ ဦးကုလား ရာဇဝင်ကြီးလည်း ပေါ်ပေါက်လာပါသည်။ မဏိကကက် ပြဇာတ်ကို ဝန်ကြီးပဒေသရာဇာက လက်မွန်အစနည်းပြ အနေဖြင့် သီချင်းတီးကွက်များထည့်ပြီး ရေးသားခဲ့ပါသည်။

၆။ ဆဋ္ဌမစာပေခေတ်မှာ ကုန်းဘောင်ခေတ် ပထမပိုင်းဖြစ်ပါသည်။ ကုန်းဘောင်ခေတ်မှာ ရကန်အရေးအသား စတင်ပေါ်ပေါက်လာပါသည်။ ရာဇဝင် ဧချင်းများ၊ ဦးသြ၏ ကဝိလက္ခဏာ သတ်ပုံ၊ လက်ဝဲသုန္ဒရ၏ မဲဇာတောင်ခြေ ရတုနှင့် တေးထပ်၊ လေးဆစ်သဖြန်များ ပေါ်ပေါက်လာပါသည်။ ဓမ္မသတ်ကျမ်းများလည်း ပေါ်ပေါက်လာပါသည်။ ဤကုန်းဘောင်ခေတ်တွင် အမျိုးသမီး စာဆိုတော် အများအပြားလည်း ပေါ်ထွက်လာပါသည်။

၇။ သတ္တမစာပေခေတ်ကား ကုန်းဘောင်ခေတ် ဒုတိယပိုင်း ဖြစ်ပါသည်။ ဤခေတ်ကို မြန်မာစာပေအတိုးတက်ဆုံးခေတ်ဟုဆိုလျှင် မှားမည်မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် ရဟန်းပုဂ္ဂိုလ် စာဆိုတော်အများအပြား ပေါ်ထွက်လာပြီး လောကုတ် လောကီ အလီလီသော စာကောင်း ပေကောင်းများ ထူးထူးခြားခြား ထွန်းကားလာသော ကြောင့်ဖြစ်ပါသည်။ ဦးတိုး၏ ရာမရကန်၊ ဦးယာ၏အဲချင်းများ (အဲချင်းအစဆိုနိုင်သည်) ကျည်းကန်ရှင်ကြီး မေတ္တာစာ၊ ဦးသြဘာသ၏ ဇာတ်ကြီးဆယ်ဘွဲ့ စကားပြေ၊ ဝက်မစွတ် နဝဒေး၊ မုံရွေးဆရာတော်၊ မြဝတီမင်းကြီး ဦးစ၊ ဘိုးသူတော်ဦးမင်း၊ လှူဦးမင်း၊ မမြကလေး၊
mgyee.com

mgyoe.com
ဦးကြင်ဥ၊ လှိုင်ထိပ်ခေါင်တင်၊ စလေ ဦးပုည၊ ကင်းဝန်မင်းကြီး၊ မန်လည် ဆရာတော်၊ လယ်တီဆရာတော်၊ သင်္ဂဇာဆရာတော် အစရှိသော ထိပ်တန်းအမော် စာဆိုတော် ကျမ်းပြု ပုဂ္ဂိုလ်ကျော် အများအပြား ထူးခြားစွာ ပေါ်ထွန်းထွက်ပေါ်လာခဲ့ပါသည်။

၈။ အဋ္ဌမ စာပေခေတ်ကား ဗြိတိသျှနယ်ချဲ့အောက်သို့ မြန်မာတွေ ကျရောက်ခဲ့သည့် ခေတ်ပင်ဖြစ်သည်။ ဗြိတိသျှခေတ်တွင် အင်္ဂလိပ်စာပေသာ ဂုဏ်တန်ခိုးဖြိုးမောက်လျက် အင်္ဂလိပ်စာတတ်မှ လူရာဝင်သဖြင့် မြန်မာစာပေကို အောက်တန်းကျသည်ဟု ထင်ပြီး အရေးမလုပ်ကြတော့ဘဲ၊ ရေးတတ်ဖတ်တတ်ရုံလောက်သာ လေ့လာသင်ကြားကြသဖြင့် မြန်မာစာပေမှာ မျက်နှာငယ်စွာနှင့် ဧည့်သည်အာဂန္တုပမာ ဖြစ်လာသည်သာမက၊ သေးသေးသိန်သိန် မှိန်မှိန်ကုတ်ကုတ် မလှုပ်နိုင်သည့် ဂိလာန ပုဂ္ဂိုလ်ပမာအားနည်းချည့်နဲ့လာခဲ့ပါသည်။ တစ်နည်းပြောလျှင် မြန်မာစာပေမှာ အင်္ဂလိပ်စာပေ ခြသေ့်ကြီး အနီးအပါးတွင် ယုန်သူငယ်ကလေးအလား ကျုံ့ကျုံ့တွားကာ များစွာ ကျဉ်းမြောင်းရပါသည်။ သို့ရာတွင် "ပတ္တမြားမှုန်လျှင် နွံမှာ နစ်သော်လည်း မညစ်" ဆိုသကဲ့သို့ မြန်မာစာပေကို အရေးထားပြီး လေးစားစွာ ရေးသားထုတ်ဖော်သည့် ပုဂ္ဂိုလ်ကျော်များလည်း ပေါ်ပေါက်လာခဲ့ပါသည်။

ဇာတိမာန် စာဆိုတော်ကြီးဖြစ်သည့် ဆရာလွန်းခေါ် သခင်ကိုယ်တော်မှိုင်း၊ မော်ပိဆရာသိန်း၊ ဦးဖိုးကျား၊ ပီမိုးနင်းနှင့် အခြားစာဆိုတော်များအနက် လောကုတ်လောကီနှစ်လီနှစ်ဝ ထိပ်တန်းကျ ရေးသားပြုစုနိုင်မှုကြောင့် မဟာဝိဇ္ဇာဘွဲ့ထူးဖြင့် ချီးကျူးခြင်းခံရသည့် ကျွန်တော်တို့၏ ဆရာ လယ်တီပဏ္ဍိတဆရာ ဦးမောင်ကြီးစသော ပုဂ္ဂိုလ်ကျော်များလည်း ပေါ်ပေါက်ခဲ့ပါသည်။

၉။ နဝမ မြန်မာစာပေခေတ်ကား ယခု မျက်မှောက် လွတ်လပ်ရေးသို့ ရောက်ပြီးသည့်ခေတ်ပင် ဖြစ်ပါသည်။ ယခုခေတ်ကား အများသိပြီးဖြစ်၍ ပြောဖို့လိုမည် မထင်ပါ။ ယခု ပြောခဲ့သည့် မြန်မာစာပေခေတ် ၉ ခေတ်တွင် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး ပေါ်ပေါက်သည့်ခေတ်မှာ ရှစ်ခုမြောက် မြန်မာစာပေခေတ် ဖြစ်ပါသည်။

လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးနှင့် ကျွန်တော် ပထမဆုံး တွေ့ဆုံသည့်အချိန်မှာ လွန်ခဲ့သည့် ငါးဆယ့် ငါးနှစ်ကျော် လယ်တီဆရာတော်ဘုရားကြီး ပြည်မြို့သို့ တရားဟော ကြွတော်မူသော အချိန်က ဖြစ်ပါသည်။ ထိုအခါက လယ်တီဆရာတော်ဘုရားကြီးနှင့်အတူ တပည့်သံဃာတော်များ ပါလာသည်ဖြစ်ရာ ၎င်းသံဃာများအထဲတွင် ဆရာတော်ဘုရားကြီး ချစ်ခင်အရေးပေးသည့် ဦးပဏ္ဍိတဆိုသော ကိုယ်တော်တစ်ပါး ပါလာပါသည်။ ထိုအခါက ကျွန်တော့်ဖခင် မြန်မာအဆွေ ဦးဘညွန့်က လယ်တီဆရာတော်
mgyoe.com

mgyoe.com

ဘုရားကြီး၏ ဆွမ်းကွမ်းဝေယျာဝစ္စ အဝဝအတွက် တာဝန်ယူရသဖြင့် လယ်တီဆရာတော် ဘုရားကြီး သီတင်းသုံးတော်မူရာ ပြည်ရွှေဆံတော်ဘုရား အနောက်ဘက်စောင်းတန်း ထိပ်ရှိ ကြေးနီကျောင်းစရပ်တွင် ကျွန်တော်တို့မိသားစုတွေ သွားရောက် အိပ်ကြရပါသည်။ ဆွမ်းကွမ်းကပ်လှူ ကန်တော့ရင်းက လယ်တီဆရာတော်ဘုရားကြီး၏ တပည့်များဖြစ်သော ဦးပဏ္ဍိတ၊ ဦးကိတ္တိ၊ ဦးဝါယမဆိုသော ကိုယ်တော်များနှင့် ခင်မင်ရင်းနှီးခွင့် ရခဲ့ပါသည်။ ကျွန်တော်မှာ ထိုအခါက ကျောင်းသားအရွယ် ခပ်ငယ်ငယ်ပင် ရှိပါသေးသည်။

နောက်တစ်နှစ် လယ်တီဆရာတော်ဘုရားကြီး ပြည်မြို့သို့ ကြွလာပြီး ဝါကပ်တော်မူသောအခါတွင် ဦးပဏ္ဍိတကိုယ်တော်ပါလာတော် မမူဘဲ ဦးကိတ္တိသာ ပါလာပါသည်။ ဦးပဏ္ဍိတမှာ ပျဉ်းမနားတွင် ဝါကပ်သည်ဟု သိရပါသည်။ လယ်တီဆရာတော်ဘုရားကြီး ပြည်မြို့မှာ ဝါကပ်တော်မူစဉ်က ကျွန်တော့်ကို ရှင်ပြုသဖြင့် ဆရာတော်ကြီးထံတွင် တစ်လကျော်မျှ ကိုရင်ဝတ်နှင့် နေခဲ့ပါသည်။ ထိုအခါက လယ်တီဆရာတော် ဘုရားကြီးသည် တပည့်ဦးပဏ္ဍိတ ကိုယ်တော်ကို အဘယ်ကြောင့် ချစ်ခင်လေးစားတော်မူသည့်အကြောင်းကို ကျွန်တော် သိရှိခဲ့ရသည်မှာကား လယ်တီဆရာတော်ဘုရားကြီးသည် နေ့စဉ်နှင့်အမျှ ရေးသားကျမ်းပြုသည့် စာမူကြမ်းများကို စက်တင်ပုံနှိပ်ရန်အတွက် အချောကိုင်ရန် ပျဉ်းမနားမြို့တွင် ဝါကပ်နေသည့် တပည့်ဦးပဏ္ဍိတထံ ပို့ပေးသည်ကို တွေ့ရပါသည်။ ဦးပဏ္ဍိတ ကိုယ်တော်မှာ စာပေကျမ်းဂန်ဘက်တွင် ဆရာတော်ဘုရားကြီးအားထားသမျှပြုသည့် ဆရာတော်ဘုရားကြီး၏ ညာလက်ရုံးကြီးဟု ဆိုချင်ပါသည်။ သို့ဖြစ်သောကြောင့်ပင် ဆရာတော်ဘုရားကြီးက သူ့တပည့်ပဏ္ဍိတသို့ ဆုံးမရေးသားတော်မူသည့်စာမှာ ...

> ပါရမီ သမ္ဘာရှိပါဘိ၊ တသာကိ ဘုန်းပေ၊ စာမရိ့၊ ထုံးအနေလို၊ သုံးမသွေ
> သီလ၊ ၊ ပရိယတ် စံမဟေမှာ၊ ဉာဏ်ကဝေ ချီးလောက်သူပ၊ ။ ဟု
> တေးထပ်အစမှာ ရေးစပ်ချီးကျူးထားခြင်း ဖြစ်ပါသည်။

၎င်းနောက် ကျွန်တော်သည် လယ်တီပဏ္ဍိတနှင့် ၄-၅ နှစ်ခန့် ပြန်လည်တွေ့ဆုံခွင့်မရဘဲ ကျွန်တော်တို့ မြန်မာအဆွေကုမ္ပဏီ ပြည်မြို့မှ ရန်ကုန်မြို့ ရိုးကုမ္ပဏီဘေးဘက်ရှိ ဘားလမ်းတိုက်သို့ ၁၉၁၂ ခုနှစ်လောက်က ပြောင်းရွှေ့ဖွင့်လှစ်သောအခါတွင် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးအဖြစ်ဖြင့် ကျွန်တော်တို့ မြန်မာအဆွေ ဖွင့်လှစ်သည့်တိုက်၏ မြောက်ဘက်ခန်းရှိ ဦးရွှေကြူး၏ မြန်မာ့အလင်းမဂ္ဂဇင်းတိုက်တွင် အယ်ဒီတာချုပ်အဖြစ် ဦးစီးဦးကိုင်လုပ်ပြီး ဆောင်ရွက်နေသည့် အချိန်အခါမှာ ပြန်လည်ဆုံတွေ့ရပြန်ပါသည်။

mgyoe.com

ထိုအခါက မြန်မာအဆွေက ဂျာမနီပြည်မှ 'လွမ်းမပြေ'ဆိုသော အမည်နှင့် ရေမွှေးများ မှာယူရောက်ရှိလာသဖြင့် ရေမွှေးအကြောင်း ကြော်ငြာကောင်းကောင်း ထုတ်ဝေဖို့အတွက် ဆရာဦးမောင်ကြီးထံ ချဉ်းကပ်ပြီး လွမ်းမပြေရေမွှေးအကြောင်း တေးထပ်ရေးပေးဖို့ ဖခင်ဦးဘညွန့်က ကျွန်တော့်ကို လွှတ်သဖြင့် ဆရာ့ထံ ကျွန်တော်သွားပြီး တွေ့ဆုံ ပန်ကြားသည့်အခါ ဝမ်းမြောက် ဝမ်းသာစွာပင် တထိုင်တည်းဖြင့် တေးထပ်နှစ်ပုဒ် ရေးစပ်ပြီး ကျွန်တော့်ကို ဖတ်ဆိုခိုင်းပါသည်။ ကျွန်တော်က သံနေသံထားဖြင့် မဖတ်ဆိုတတ်ကြောင်း ပြောလျှင် ဆရာဦးမောင်ကြီးက "ဟင်... သနားစရာကောင်းတယ်"ဟု ညည်းသံနှင့် ပြောပါသည်။ "ဟင် သနားစရာကောင်းတယ်' ဆိုသော စကားသည် ဆရာ့လက်သုံးစကားဖြစ်သည်။ ဤစကားမှာ ဆရာသည် လူတစ်ဦးတစ်ယောက်အပေါ် အပြစ်မတင် ချစ်ခင်ကြင်နာသည့်အဓိပ္ပာယ်ဖြင့် ဖြူစင်သော အတွင်းစိတ်ထားကိုပြသည့် စကားပင်ဖြစ်ပါသည်။

ဆရာက "သံနေသံထားနှင့် မဆိုတတ်လျှင်လည်း ရိုးရိုးပဲ ဖတ်ပေါ့ကွယ်" ဟု ဆိုသည်တွင်မှ ကျွန်တော်က ပထမတေးထပ်ကို ဖတ်ပြပါသည်။

> ပန်းနှစ်လီ အဆီစစ်ဟာမို့၊ အမည်သစ် ဆန်းပွေ၊ ပြည်ချစ်ဖို့ ကြင့နံ့ဆွေရယ်၊ လွမ်းမပြေ သမုတ်၊ ။ ဘက်မရှိ ပြိုင်စံမပေါ်အောင်၊ နိုင်ငံကျော်မွှေးရဲ့အဟုတ်၊ ။ လှိုင်သမျှ ဆန်းစွာစုံတယ်၊ ဂန္ဓာရုံ ခေါင်ချုပ်၊ ဥရောပ နယ်က ထုတ်တာမို့၊ ဥက္ကဋ္ဌ ထိပ်တင်၊ ။ ပိုးဖဲတွင် တစ်ခါဖျန်းလိုက်လျှင်၊ မညှာတမ်း မွှေးလိမ့်အစဉ်၊ ။ ရွှေဖီပွင့် ဂေါသဇင်လို၊ တော်ဝင်ဘွယ် မှန်လှလို့၊ သည် မြန်မာ့အဆွေကုမ္ပဏီ၊ ဆန်းထုတ်ကြဲစည်၊၊ လွမ်းမပြေ့ နံ့သာဆီမှာ၊ ကမ္ဘာ တည် မွှေးမှာမို့လေး။ ။

ယင်းသို့ ဖတ်ပြလိုက်သောအခါ ဆရာက "တော်သားပဲ၊ နောက်တစ်ပုဒ် ဆက်ဦးကွယ်" ဟု ပြောပါသည်။

> ဖဲကတ္တီ ကြာကွန့်၊ ဇာတွန့်တဲ့ ရိပ်ဘွေ၊ သာလွန်လို့ စိတ်မပြေလျှင်၊ တဆိတ်လေရှုစမ်း။ လွမ်းမပြေ့ မွှေးနံ့ဖြာလျှင်၊ အေးပျံ့စွာ စိတ်ကြည်လို့လန်း....

ဒုတိယတေးထပ်ကို ဤမျှလောက်သာ ကျွန်တော် မှတ်မိသဖြင့် မဆက်နိုင်တော့သည်ကို ခွင့်လွှတ်ကြစေလိုပါသည်။

ဆရာရေးစပ်သည့် လွမ်းမပြေ တေးထပ်ကြော်ငြာ ထုတ်လိုက်သည့်အခါ ဆရာ့တေးထပ်အစွမ်းကြောင့် လွမ်းမပြေမှာ မြန်မာတစ်ပြည်လုံး ကျော်ကြားပြီး လူကြိုက်အလွန်များသဖြင့် ရောင်းမလောက်အောင် ဖြစ်သွားပါသည်။ ၎င်းမှာ ဆရာ့ကျေးဇူးပင်ဖြစ်ပါသည်။

mgyoe.com

mgyoe.com


လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး ဦးရွှေကြူး၏ မြန်မာ့အလင်းမဂ္ဂဇင်းတွင် ရေးခဲ့သည့် စာများကို ကျွန်တော် မှတ်မိသလောက် အစီရင်ခံရမည်ဆိုလျှင် ခေတ်ကာလပေါ် ဝတ္ထုအဖြစ်ဖြင့် ခင်မြင့်ကြီးဝတ္ထုကို မန္တလေး မောင်ခင်မောင်အမည်ဖြင့် ရေးပါသည်။ ထိုအချိန်အခါက ဦးကြီး ရေးသားထုတ်ဝေသည့် ချဉ်ပေါင်ရွက်သည် မောင်မှိုင်းဆိုသော ဝတ္ထုမှာ လူကြိုက်များပြီး ခေတ်စားနေသည့်အတွက် ဆရာကလည်း အားကျမခံ ခေတ်ဆန်ဆန် ခေတ်မီစကားလုံး အနှုန်းအဖွဲ့ ထူးထူးကဲကဲများဖြင့် ဖတ်ရှုသုံးစွဲအောင် မှာတမ်း၊ တေးထပ်၊ သဖြန်၊ ရတု၊ ဘောလယ်၊ လွမ်းချင်း၊ ပတ်ပျိုးစသော ကဗျာတွေ ဝေဝေဆာဆာ မြန်မာ့ စာပဒေသာကြီးအဖြစ်ဖြင့် ရေးသားခဲ့ပါသည်။ မြန်မာ့အလင်းမဂ္ဂဇင်းထဲမှာပင် တရားရာပုံတော်ကြီးအနေဖြင့် မောင်သောကဝတ္ထုကို တရားနှင့်ဖက်ပြီး ထက်မြက်သော လောကုတ္တရာ ဉာဏ်သွားဖြင့် ရေးသားခဲ့သည့်အပြင် စာနုစာယဉ်တွေနှင့် ဖတ်သူတွေ ပီတိရွှင်အောင် ကာလီဒါသ၏ သကုန္တလာ – သက္ကတဘာသာပြန်ဝတ္ထုကိုလည်း ရေးသားခဲ့ပါသေးသည်။ ၎င်းပြင် အင်္ဂလိပ်စာရေးဆရာရှိတ်စပီးယား၏ "As You Like It", "Merchant of Venice" နှင့် "Comedy of Error" ခေါ် ဝတ္ထုများကို စာ စကားသားလှလှ အသုံးအနှုန်းကြွယ်ကြွယ်ဝဝဖြင့် ဘာသာပြန် ရေးသားခဲ့သည်ကို ကျွန်တော်ငယ်ငယ်က စွဲစွဲလမ်းလမ်းနှင့် ဖတ်ရှုခဲ့ရပါသည်။

ရွှေကြူးနှင့် မြန်မာအဆွေ တစ်တိုက်ထဲ နေခဲ့ရသည့်အတွက် ဆရာဦးမောင်ကြီးနှင့်လည်း ရင်းနှီးသည်ထက် ရင်းနှီးပြီး မြန်မာအဆွေက နောက်ထပ်ထုတ်ခဲ့သော မက်မပြေနှင့် စံမမှီ ရေမွှေးများအတွက် တေးထပ်ကိုလည်း ဆရာပင် ရေးသားခဲ့ပါသည်။

မက်မပြေ သညာပျို့၊ ယှဉ်လာဖို့ ဝေးကွာ၊ ယဉ်တာမို့ နှစ်လေးသာတယ်၊
အမွှေးမှာ ကြိုင်ပျံ့၊ ၊ ပန်းတိုင်းက အဆိပါတယ်၊ ပြည်နဂရာ သုံးဖို့အခန့်၊ ။
ဆိုသော တေးထပ်နှင့်...

ပြိုင်လာလျှင် ပဏ္ဍာသရလိမ့်၊ ဂါရဝပြုကာ၊ လာသမျှ မတုသာအောင်၊
လူ့ရွာမှာ ကြိုင်ပျံ့၊ ၊ မွှေးသမျှ ဘက်မတန်တယ်၊ သရက္ခန်သင်းတဲ့ ရနံ့၊ ။

ဆိုသော တေးထပ်တို့ကို ရေးစပ်ပေးပါသည်။ ဤတေးထပ်များကြောင့် မြန်မာ အဆွေက ထုတ်သမျှ ရေမွှေးတွေအားလုံး လူကြိုက်များပြီး ကျော်ကြားခဲ့ပါသည်။ ၁၉၁၄ ခုနှစ်၊ ပထမကမ္ဘာစစ်ကြီး ဖြစ်လာသည့်အခါ မြန်မာ့အလင်းမဂ္ဂဇင်းလစဉ်ထုတ်မှ တစ်ပတ်တစ်ကြိမ် သတင်းရုပ်စုံစစ်ဓာတ်ပုံ ဘလောက်များဖြင့် ထုတ်ဝေလျက် ထိုမှတစ်ဖန် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေပြန်ပါသည်။ မဂ္ဂဇင်းနှင့်တကွ သတင်းစာမှာပါ ဆရာဦးမောင်ကြီးပင် အယ်ဒီတာချုပ်အဖြစ်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

mgyoe.com

mgyoe.com

၁၉၁၆ ခုနှစ်တွင် ဦးရွှေကြူး ဂျပန်ပြည်နှင့် အရှေ့နိုင်ငံများသို့ ပညာရှာမှီးရန် သွားသောအခါ မဂ္ဂဇင်းရော သတင်းစာပါ ရပ်တန့်သွားပါသည်။ မြန်မာ့အလင်း သတင်းစာပါ ရပ်တန့်သွားပါသည်။ မြန်မာ့အလင်းသတင်းစာ ရပ်တန့်သွားပြီးသည့်နောက် ၁၉၁၆ ခု နှစ်ကုန်လောက်တွင် ဟသ်ာတ ဦးတင်က ဆရာ ဦးမောင်ကြီးကို အယ်ဒီတာချုပ်အဖြစ် ဖြင့် ဆောင်ရွက်စေပြီး ပညာ့အလင်းမဂ္ဂဇင်းကို ထုတ်ဝေခဲ့ပါသည်။ ပညာ့အလင်းတွင် ဆရာဦးမောင်ကြီးက မန္တလေး မောင်ခင်မောင် အမည်ဖြင့် သန်းသန်းဝတ္ထုနှင့် တင်တင်မြ ဝတ္ထုတို့ကို ရေးသားခဲ့ပါသည်။ ရွှေပြည်ကြီး ရာဇဝင်ဝတ္ထုကိုလည်း ပညာ့အလင်းမှာပင် စတင်၍ ရေးပါသည်။ သူ့ရသတိနိတိနှင့် သိမှတ်ဖွယ်ရာ ကာလပေါ်ဝတ္ထုတိုကလေး များကိုလည်း ဆရာလစဉ်ရေးသားသည်ကို ဖတ်ရှုရပါသည်။

ဆရာရေးသည့် "အလင်းနှင့် အမှောင်" ဆိုသော ဝတ္ထုကို ဒါရိုက်တာတုတ်ကြီး အမည်ခံပြီးဦးပု (ပညာ့အလင်းတိုက်မန်နေဂျာ) က 'စိတ်အာရုံ' ဆိုသောအမည်ဖြင့် လန်ဒန် အတ်မှာ ရုပ်ရှင်ဇာတ်ကား ရိုက်ထုတ်ခဲ့ဖူးပါသည်။ ပညာ့အလင်းက သတင်းစာထုတ် သောအခါ ဆရာဦးမောင်ကြီးသည် မောင်သောကဝတ္ထု ဒုတိယပိုင်းကို ဆက်လက်ရေးသား ထည့်သွင်းခဲ့ပါသည်။ မောင်သောကဝတ္ထုမှာ ဝတ္ထုဟုပင် ဆိုရသော်လည်း အမှန်အားဖြင့် တရားရှာတောထွက်ခန်းပင် ဖြစ်ပါသည်။ ဝတ္ထုကို အရိမဒ္ဒန ပုဂံပြည်အနော်ရထာမင်း လက်ထက်ကဟု အစချီပြီး တောင်ပြင်သူဌေးသား မောင်သောကသည် ရှင်အရဟံအရှင် မြတ် ဟောကြားတော်မူသော သံဝေဂ ဓမ္မကထာကို နာရပြီးသည့်နောက် သံဝေဂရပြီး သက်ထားကြင်ယာ ဣန္ဒြရတနာကို ပယ်ခွာစွန့်ထား၍ ပုပ္ပါးတောင်ဟေမဝါသို့ တောထွက် သွားသည်ကို ပညာရှိ ကဝိစာဆိုပီပီ ဖွဲ့နွဲ့ကာ ရေးသားထားခြင်း ဖြစ်ပါသည်။

ဆရာမှာ မြန်မာစာပေနှင့် ကဗျာ အရေးအသားဘက်တွင် ထက်မြက်ထူးချွန်လှ သူ ဖြစ်သည့်အတိုင်း မောင်သောကဝတ္ထုထဲတွင် တေးထပ်၊ သဖြန်၊ လေးချိုးကြီးစသော ကဗျာများကို ထည့်သွင်းရေးသားခဲ့ပါသည်။ ကြင်ယာသက်ထား ချစ်မယားဣန္ဒြရတနာ အိပ်ပျော်နေခိုက် နိက္ခမလမ်း တောမြိုင်တန်းသို့ ထွက်ခွာသွားမည့် မောင်သောက–က မှာတမ်းအဖြစ်ဖြင့် ရေးသားထားခဲ့သော တေးထပ်မှာ ....

အနိုင်နိုင် ခွဲခဲ့ရ၊ မလွဲသာ့ လွဲသာ၊ အသဲက မနဲနာတယ်၊ ပုလဲညှာ ယဉ်ကြော့၊ ၊ ချစ်ဦးခင့် ပျိုတမေရယ်၊ တကိုယ်ရေ စံရစ်ရှာတော့၊ ။ သား မျက်ပွင့် သော်ငွေရောင်ကို၊ ပျော်လေအောင် မေချော့၊ မြိုင်ရဂုံ မြေမော့သို့၊ ဖေအသော့ မြန်းပြီ၊ ၊ ချမ်းသာစေ သပြေခက်ကယ်နှင့်၊ မေမပျက် တောင်းဆု

mgyoe.com

သာချို၊ ။ လွမ်းစိတ်နဲ့ မှန်ဒါလီရယ်၊ ဘုံဇာကတ္တီ သဉ်ရငွေ့မှာတော့၊ မရွှင်
မြေ့ ပူတာထွေထွေ၊ မင်းဖျောက်လို့ ဖြေ၊ ။ ဟိုနောက်နောင် သံသာရေမှာ၊
ကံဇာတာနှစ်ထွေ ဆုံဦးစို့ငဲ့လေး။

ဤတေးထပ်မှာ အဓိပ္ပာယ်အလွန်ပေါက်ပြီး ရသဂုဏ်လည်း မြောက်လှပါသည်။

မောင်သောက တောမြိုင်အတွင်း ရောက်သွားပြီးသည့်နောက် သက်ထားကြင်ယာ ဣန္ဒြာရတနာကို သတိရမိသည့် အကြောင်းစကားလုံး အသုံးအနှုန်း ထိထိ ကာရန်မိမိဖြင့် ဤသို့ ရေးသားပြန်ပါသည်။

ငါ၏အသက်၊ ဆွဲဘယက်ဒါလီ၊ နတ်သွေးမျှသည့် လှကေသီကလေး၊ မျက်ချစ်ဆေးသည်၊ ဤမြိုင်ကျေးသို့အတူ၊ သူလိုက်ပါတော်မူပါလျှင်၊ ကြည်ဖြူနွဲ့ရှက်၍၊ အကိုင်းအခက် အင့်အခိုင်တို့နှင့်၊ ထုံကြိုင်သော ဤစခန်းကို မျှော်တမ်း၍ ကြည့်ရှုရအောင်၊ လက်ညှိုးညွှန်ကာ ပြလိုက်ချင်လှသည်။ လှပစွာ တနွဲ့နွဲ့နှင့်၊ ခပ်တွဲ့တွဲ့ ပွင့်ဖူး၍နေသော၊ ဂမုန်းအင်နှင့်၊ သဇင်ရွှေဖီပန်းများကို၊ လှမ်း၍ သူ မြင်တော်မူရှုလျှင်၊ ပူဆာသည့် အရေးနှင့်၊ ခူးပေးပါချူပေးပါဟု၊ မူရာဟန် နွဲ့နွဲ့၊ နှုတ်သံကလေး တသဲ့သဲ့နှင့်၊ ကဆွဲ့ကငင် ပြောရှာလိမ့်မည်။ ပန်းမွှေ့ရာ ခင်းသကဲ့သို့၊ မြေသလင်း သန့်ပြန့်သော၊ ဤပန်းဝတ်မှုံလမ်းကို၊ ဖြတ်သန်းပြီး သူသွားရ လျှင်၊ နံ့သာမှုံ မလိမ်းကျံရဘဲ၊ ပန်းဝတ်ဆံ အမှုန့်တို့က၊ တစ်ကိုယ်လုံး ခြုံပြီး ပက်ဖျန်းသောကြောင့်၊ အဆန်းတကြယ် လှပစွာနှင့်၊ ကိန္နရာမ ကလေး အသွင်၊ ပန်းဝတ်လဲရုံကို ဆင်သကဲ့သို့ ဖြစ်ရလိမ့်မည်။

ဤစာကလေးမှာ လွန်စွာ နုယဉ် ပေါ်လွင်လှသဖြင့် စာဖတ်သူတိုင်းပင် ပန်းမြိုင် အတွင်း ရောက်နေရသကဲ့သို့ ထင်မြင်လာပါသည်။ ၎င်းစာနှင့်ဆက်လျက် တေးထပ် တစ်ပုဒ်လည်း ရေးသားထားပါသည်။

ပန်းဝတ်မှုံ သက်လျှောနှင့်၊ မက်မောဘွယ် သေလာ၊ သက်ဇောကွဲ့ ကြွေ
ပါအောင်၊ ဖြေမသာလှိုက်လှဲ၊ ။ ကျန်ရစ်တဲ့ တစ်ဦးခင်ကို၊ အထူးပင် တမ်းတ
လို့စွဲ၊ ။ အနားက ပါခဲ့ရှာလျှင်၊ သာလှဲ့ကာ လက်ဆွဲ၊ လာခဲ့ပါဖက်တွဲလို့၊
ရှက်နွဲ့ရင်း နှစ်သွယ်၊ ။ ရှုစမ်းလေ အသာမြွက်ပါလို့၊ ညာလက်နှင့် ပြလိုက်
ချင်သည်၊ ။ မပါတဲ့ ကလျာမယ်ကို၊ လာလကွယ် နှုတ်ဆက်လို့၊ ရုတ်တရက်
အသံဖော်၊ ဘုန်းယောင်လို့ ခေါ်၊ ။ သို့ကလောက် စေတနာဆော်တယ်၊
နေရာတော် ဆန်းတာမို့လေး။ ။

ဤမျှလောက်ဆိုလျှင် ဆရာ၏ ကဗျာနှင့် မြန်မာဝေါဟာရစကားလုံး အသုံးအနှုန်း

mgyne.com

အကုံးအဖွဲ့ ထူးချွန်ပုံအစွမ်းကို ခန့်မှန်းနိုင်လောက်ပါပြီ။

ဆရာဦးမောင်ကြီး၏ သကုဏ္ဍလ၊ မောင်သောကနှင့် ခင်မြင့်ကြီးဝတ္ထုတို့ကို ကျွန်တော်နှစ်သက်စွဲမက်ပြီး ကဗျာများကို ထပ်တလဲလဲ ဖတ်ကာ အရ ကျက်မှတ်ခဲ့သည့်အတွက် မြန်မာစာပေဘက်မှာ စိတ်ထက်သန်ပြီး ၁၉၂၀ ပြည့်နှစ်တွင် မြန်မာစာ တိုးပွားမြင့်တက်ရေးကို အားပေးဖို့ ရည်ရွယ်ကာ မြန်မာအဆွေမှ ဟဒယရှင်ဆေးကြီးဟု ကြော်ငြာပြီး ဒဂုန်မဂ္ဂဇင်းကြီးကို ကျွန်တော်ကြီးကြပ်ထုတ်ဝေဖြန့်ချိခဲ့ပါသည်။

ထိုအချိန်က လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးအား အယ်ဒီတာချုပ်လုပ်ရန် ပန်ကြားခဲ့သော်လည်း ဆရာမှာ ပညာအလင်းမဂ္ဂဇင်းတွင် ရေးသားဆောင်ရွက် လုပ်ကိုင်နေဆဲဖြစ်သည့်အတွက် မအောင်မြင်ခဲ့ပါ၊ ၎င်းနောက် မြန်မာ့အလင်းဆရာသင်ကို သတ်မှုကိစ္စ ပေါ်ပေါက်ပြီး ပညာ့အလင်းမဂ္ဂဇင်းနှင့် သတင်းစာပါ ရပ်တန့်သွားပြီးသည့်နောက် ၁၉၂၂ ခုနှစ်တွင် ဆရာဦးမောင်ကြီးသည် ကျွန်တော်တို့ ဒဂုန်မဂ္ဂဇင်း၏ အယ်ဒီတာချုပ်အဖြစ်ဖြင့် ဆောင်ရွက်ရေးသားလာခဲ့ရာ ၁၉၃၉ ခုနှစ် ဆရာအနိစ္စရောက်သည်အထိ ဖြစ်ပါသည်။

ဒဂုန်မဂ္ဂဇင်းမှာ ဆရာဘာတွေရေးသလဲဆိုလျှင် သိမှတ်ဖွယ်ပညာဗဟုသုတ တိုးပွားဖွယ် ကြီးပွားရေး စီးပွားရေး သာသနာရေးနှင့် ပြည်တွင်းရေးရာ နိုင်ငံရေးတို့၌ မြန်မာများ လိုက်နာကျင့်သုံးရန် ရှောင်ကြဉ်ရန် ဩဝါဒပေးသည့် ခေါင်းကြီးပိုင်းကို ရေးပါသည်။ ၁၉၂၇ ခုနှစ် ဒီဇင်ဘာလထုတ် ဒဂုန်ခေါင်းကြီးပိုင်းတွင် ဆရာ ရေးခဲ့သည့် "ဓနနှင့် ဣဿရိယအကြောင်း" မှာ ဆိုရှယ်လစ်ဝါဒ၏ ရှေးပြေးပင်ဖြစ်ပါသည်။ အတိုချုပ်ပြောရမည် ဆိုပါလျှင် ကမ္ဘာပေါ်၌ ဓနရှင်များမှာ မြေရှင်နှင့် အလုပ်ပိုင်ရှင်များသာ ဖြစ်ကြကြောင်း၊ မြေပိုင်ဓနရှင်တို့၏ လယ်မြေများမှ စပါးသီးနှံထွက်အောင် လယ်သမားတို့က လုပ်ရကြောင်း၊ လယ်ရှင် ဓနရှင်တို့၏အမိန့်ဖြင့် ငါ့လယ်မြေက အသီးအနှံတွေ ဖြိုးဖြိုးဝေလာကြစေဟု ဆို၍မရကြောင်း၊ ထို့အတူပင် ပစ္စည်းရှင် ဓနရှင်တို့ တည်ထောင်ထားသည့် အလုပ်ရုံစက်ရုံများ၌လည်း အလုပ်သမားတို့၏ လုပ်အားနှင့် လုပ်ကြသောကြောင့်သာ အမြတ်အစွန်းရပြီး ဓနရှင်တွေ စည်းစိမ်ခံစားနေကြရခြင်း ဖြစ်ကြောင်း၊ အလုပ်သမားတွေကသာ အလုပ်ခွင်ဝင်ပြီးမလုပ်လျှင် အလုပ်ရှင်များ အကျိုးဖြစ်ထွန်းဖို့ မရှိကြောင်း၊ လယ်သမားတွေကသာ ထွန်ယက်လုပ်ကိုင်ခြင်းမပြုလျှင် အလုပ်သမားတွေကလည်း အလုပ်ခွင်ဝင်ပြီး အလုပ်မလုပ်ကြလျှင် လယ်မြေတွေရော အလုပ်ရုံစက်ရုံတွေပါ ဆိတ်သုန်းပြီး အချည်းနှီးဖြစ်ကုန်ကြမည် ဖြစ်ကြောင်း၊ ယင်းသို့ဖြစ်သောအခါကျမှ လယ်သမား အလုပ်သမားတို့၏ တန်ဖိုးသတ္တိကို လယ်ရှင်အလုပ်ရှင်များ သိလာလိမ့်မည် ဖြစ်ကြောင်း၊

mgyoe.com

mgyyee.com

လယ်သမား အလုပ်သမားများတွေသာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် ခနရှင် လယ်ရှင်တို့အပေါ် လွှမ်းမိုးရအောင် ကြံဆောင်လာကြလျှင် တစ်နေ့တွင် ရေစီးတစ်ခါ ရေသာတစ်လှည့် ဆိုသည့်ခေတ်ကို ရောက်လာလိမ့်မည်ဖြစ်ကြောင်းတို့ကို ရေးသားထားပါသည်။

ဤရေးသားချက်ကို ထောက်ခြင်းအားဖြင့် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် ဆင်းရဲသားလူတန်းစား ကောင်းစားရေးကို အားပေးသည့် ဆိုရှယ်လစ်သမားကြီး အစစ်ဟု ကျွန်တော် ဆိုချင်ပါသည်။

မျိုးရိုးဇာတိဉာဏ် ဇာတိမာန် ထက်သန်စေသည့် တပင်ရွှေထီးရာဇဝင် သေနင်္ဂဗျူဟာ ဝတ္ထုကြီးအပြင် နီတိမာလာ၊ ထေရီထေရာ ဘာသာပြန်၊ ယုဝတီစက္ကုခန်းတို့ကို ရေးသားပါသည်။ ယုဝတီစက္ကုခန်းတွင် မန္တလေးခင်တုတ်၊ ရန်ကုန်ခင်ဆွေ အမည်များဖြင့် ရေးပါသည်။

တပင်ရွှေထီး ဝတ္ထုဆုံးသွားသောအခါ ဗညားနွဲ့ ရာဇဝင်ဝတ္ထုကြီးနှင့် မန္တလေးမောင်ခင်မောင်အမည်ဖြင့် ပန်ထွာမင်းသမီး၊ ဝတ္ထုများကို ရေးခဲ့ပါသည်။ ကုန်းဘောင်ရာဇဝင်သံခိပ်နှင့် ပေတဝတ္ထု ဘာသာပြန်တို့ကိုလည်း ရေးသားခဲ့ပါသည်။ ဗညားနွဲ့နှင့် ပန်ထွာမင်းသမီးဝတ္ထုများကား ဆုံးခန်းမရောက်ပါ။

ထိုဝတ္ထုများအပြင် ကဗျာအမျိုးမျိုးနှင့် တန်ဆာဆင်ပြီး ကဗျာဝတ္ထုဟူ၍ ဝတ္ထုတစ်ပုဒ်ကိုလည်း ဒဂုန်ထဲမှာ ရေးပါသေးသည်။ ဆရာဦးမောင်ကြီးမှာ ဝတ္ထုရေးသားရာ၌ ဥပမာဥပမေယျများကို အကွက်ကျကျနှင့် ရေးသားလေ့ရှိသည့်အပြင် မြန်မာစကားပုံများကိုလည်း သူ့နေရာနှင့်သူ အကွက်ဆိုက်အောင် ထည့်သွင်းရေးသားလေ့ ရှိပါသည်။

ပါဠိနှင့် သက္ကတ ဘာသာနှစ်ရပ်ကို နှံ့စပ်စွာ အထူးတတ်မြောက်ပြီး ပိဋကတ်၊ မဟာဝင်၊ ရာဇဝင်များအပြင် အဲ အဏ် ချေင်း လူးတားစသည့် မြန်မာကဗျာကိုလည်း ထူးထူးကဲကဲ မြောက်သည့် ကဝိတစ်ဆူဖြစ်သည်သာမက မြန်မာစကားပြေ ရေးရာတွင်လည်း စကားလုံး ယဉ်ယဉ်လှလှနှင့် လွယ်လွယ် အဓိပ္ပာယ်မိမိ ထိထိငြိငြိ စကားလုံးများကို သုံးတတ်သူဖြစ်ပါသည်။ စကားလုံး ယဉ်ယဉ်လှလှ ရေးတတ်ပုံကို ပုံစံပြရမည်ဆိုရလျှင် ကညာပျိုကလေး၏ ပါးခွက်ကလေးကို ရေးသည့်နေရာမှာ "ပြုံးမလို အားယူတော့၊ ပါးမှုမှုကလေးက နိမ့်နိမ့်ခွက်လို့၊ စိမ့်စိမ့်တက်ပြီး တစ်ဖက်လူ အသက်ရှုပြင် မှားမိတယ်" စသည်ဖြင့် အသုံးအနှုန်းဆန်းဆန်းများ ရေးထားသည့်အပြင်၊ တေးထပ် တစ်ပုဒ်မှာလည်း "ကြွတစ်ခါ ခြေတစ်လှမ်းတွင်မှ ကုဋေသန်း ဓာနဲ့ဘဝင်၊ မျောမဲ့ အသွင်။ ပြုံးယောင်ယောင့် ပါးခွက်ပြင်သော်၊ အသက်ငင်သေကိန်းပလေး။ ။ ဟု ရေးထားသည်ကို တွေ့ရပါသည်။

စကားလုံး အသုံးအနှုန်း ဆန်းဆန်းရေးသားတတ်ပုံကို ပုံစံပြရမည်ဆိုလျှင် အများ

mgyoe.com
ကဲ ရွှေမြင်းမိုရ်လဲပြိုတို့၊ ဘာတို့ သုံးသည့်နေရာမျိုးမှာ ဆရာက...

ဝေဟာပွိုလ် လဲပျိုပျက်စေတော့၊ စွဲဆိုချက် လွဲဖို့ မကြံ၊ ။ အဏ္ဏနိဋ္ဌ ဆောင်ပျံ့မှာ၊ ကလောင်တံ လက်လှမ်းလို့၊ ။ မပျက်တမ်း ဒွေးစိတ်တူစွာ၊ အေးနိဗ္ဗူတာ၊ ။ ချစ်စာချုပ် အက္ခရာကို၊ ထက်ပြဟ္မာ ရေးစေတော့လေး။ ။ ဟု ထူးကဲသည့် အသုံးအနှုန်းတွေဖြင့် ရေးခဲ့ပါသည်။

၎င်းပြင် ဆရာသည် အောက်မြစ်သံ ထွေသံကလေးတွေနှင့် ထပ်ဆင့် ထပ်ကွန့် စကားတွေကိုလည်း သုံးစွဲလေ့ရှိပါသည်။ ပုံစံပြရလျှင်...

ထုံပျံ့ပျံ့ ကြူ့တကြူငယ်၊ ဖြူ့တဖြူ ဖြူစင့်၊ အဏုမြူ မြူမတင့်ရှာဘူ့၊ ယူအသင့်လွယ်စေ – ဆိုသော တေးထပ်။

လောကီနယ် ပျော်တပျော့် တွင်ဖြင့်၊ မော်အမော့် ခုခါ၊ ကျော်အကျော့် မတုသာအောင်၊ နုကညာရုံလို့ ဆိုသော တေးထပ်။

အပြွတ်ပြွတ်ကလေးနှင့်၊ လွှတ်လွှတ်မွှေးပါဘိ၊ ဆွတ်ဆွတ်ပေးချင်ငဲ့၊ အသွေးရယ်က ရွှေအတူ – ဆိုသော ပိတောက်ပန်းဘွဲ့ သဖြန်စသည်တို့မှာ ထပ်ဆင့်ကာရန် စကားလုံးကလေးတွေ သုံးထားပုံကို တွေ့နိုင်ပါသည်။

**သဘာဝပတိကြီးခင်ဗျား –**

လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏ ဘဝနှင့် စာပေအကြောင်းကို ပြောခဲ့တာ အတော်များသွားပါပြီ။ မြန်မာပြည်မှာ လွန်စွာထင်ရှားပြီး ကျော်ကြားခဲ့တဲ့ ပညာရှိ ကဝိပုဂ္ဂိုလ်ကြီးတစ်ပါးအဖြစ် ကြုံကြိုက်ခဲ့သည့် ၂၅ နှစ်မြောက် အထိမ်းအမှတ်ပွဲကြီးလည်း ဖြစ်လို့ ကျွန်တော် အားရပါးရ ပြောမိခြင်းဖြစ်ပါသည်။ နိဂုံးချုပ်ခါနီးမှာ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး ရေးသားသည့် ပုံနှိပ်စာအုပ်တွေမှာ မပါဖူးသေးသော ကဗျာသုံးပုဒ်ကို ဖတ်ပြပါရစေ။

**လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး**
**ရေးစပ်ခဲ့သော တေးထပ်**

ကမ္ဘာပေါ် အချစ်ခန်းတွင်ဖြင့်၊ တစ်ဂဏန်းတွင်သူ၊ သစ်ဆန်းလို့ ခင်တစ်ဆူရယ်၊ ထင်တော်မူပါနဲ့၊ ။ သိန်းသချေ့ ကမ္ဘာကုန်တောင်၊ တအာရုံ ပြောင်းဘူးမှန်ငဲ့၊ ။ လေးဆူဒီ ဒီပါရယ်၊ သီတာရေတလှဲ့၊ သည်ဟာတွေ စာမှာ ဖွဲ့သော်လဲ၊ တကတဲ့မဖြူ၊ ။ အဏုမြူ ချစ်စာလုံး
mgyoe.com

တွေနဲ့၊ မေတ္တာကုံး ကုံးတော့မကုန်။ ။ ခေမာလမ်း သောင်ယံဘုံမှာ၊ မောင်နံ့စုံ အတူကူးတောင်မှ၊ အချစ်ဦး လှဘုရင်၊ ခွဲပါဘူ့ခင်၊ ၊ မိတေးယျ ဖောင်မဂ္ဂင်မှာ၊ မောင်နဲ့ခင်ခင် အတူကူးမယ်ပလေး။ ။

## လယ်တီပဏ္ဍိတ ဆရာ ဦးမောင်ကြီးရေးစပ်သော မောင်စိန်တင်(သိပ္ပံမောင်ဝ)နှင့် ခင်မြင့်မြင့်တို့၏ လက်ထပ်မင်္ဂလာ ပတ္ထနာ ဆုတောင်းဘွဲ့ ရှစ်ဆယ်ပေါ်တေးထပ်

သတ္တဘာဂီ ငွေသခ်နှင့်၊ ရွှေမင်အလှ ဆေးစပ်ချယ်၊ ဂဟောဆင်သရေးမှတ်ရွယ်သည်၊ သူဌေးဇာတ်နွယ် 'မြင့်' တစ်ဦး၊ ၊ စိန်ထွတ်တင်တဲ့ ကျက်သရေမှာ၊ မဏ္ဍဒေပုံ မိန့်ခွန်းသံရင့်ကျူး၊ ။ ဘုန်းနှင့်ကံနှင့် ပေါင်းစုဖန်တယ်၊ တောင်းဆုနှစ်ကံ ပတ္ထနာထူး၊ ကောင်းမှုသန်သန် သမ္မာမြူးလို့၊ ရတနာညွန့်ဖူး မောင်နှင့်မယ်၊ ၊ မေတ္တာပန်းခိုင် ဝေဝေကြော၊ ရွှေဂဟေမျှော့ ခိုင်မြဲစေစိမ့်တွယ်၊ ။ သျှင်ရဲတက်နှင့် တမွတ်နွယ်လို၊ မချွတ်တကယ်ခေါင်နေကွန့်လို့၊ တောင်သပြေညွန်း မှန်ကင်းကေတုလို၊ ရန်ခွင်းဇေယျုဗိုလ်၊ ၊ ကြီးခိုင်စွင့်တဲ့ ရွှေမြင့်မိုလို၊ ရေပြင့်ဗဟိုကြာပန်းရုံနှင့်လေး။ ။ တင်နှင့်မြင့်တို့ ကောင်းကင့်လယ်မှာ၊ ဒေါင်းမင်းသဖွယ် ဂုဏ်ထွန်းပေလိမ့်လေး။ ။

## လယ်တီပဏ္ဍိတ ဆရာ ဦးမောင်ကြီးဒဂုန်ယုဝတီခန်းတွင် ရန်ကုန်ခင်ဆွေအမည်ဖြင့် ရေးစပ်သည့် သကြိန်ဘွဲ့ ရှစ်ဆယ်ပေါ်တေးထပ်

ဖျန်းမယ်ပက်မယ် မာန်ဟုန်ကြွလို့၊ ရန်ကုန်နဂရဖြိုးသိမ့်လျှံ၊ အမ္ဗုန္ဒရ မိုးတိမ့် ဟန်လို၊ ဂျိုးဂျိမ့်အသံ ဆူညံပြင်း၊ ၊ ကြောက်စရာကြီး ပြွတ်ဆောင်ကာငယ်၊ ဖွတ်မရှောင်သာ ရေဓာတ်ဟုန်နှင့်သွင်း၊ ။ စွဲတရွှတ်ရွှတ် စိုစွတ်ကာငယ်၊ ကိုယ်အဝတ်အလွှာ ဘယ်မကြွင်း၊ အိုအို လွှတ်ပါ မယ်မငြင်းနှင့်၊ ဖယ်ကွင်း မလွတ် ရေရာသီ၊ ၊ ပါးပါးလွှာလွှာ ရေရိုက်စွတ်၊ စနေတိမ်ထွတ် ဒရွှတ်သီကရီ။ ။ ကျုံ့တီးကျုံ့တုံ့ ပြို့တပြိုငယ်၊ မကြည့်တကြည် ဉာဏ်မရှုပ်နှင့်၊ ဟန်လုပ်ပန်လုပ် ရွှံ့တီးရွှံ့တွန့်အော်၊

 mgyoe.com 

စွန့်ကြီးစွန့်လွှတ်နော်၊ ၊ သကြွန်ခိုက်မို့ အလိုက်ပျော်ပါ၊ စရိုက်လျော်စွာ
လူ့ထုံးစံနှင့်လေး၊ ။ ကိုယ်အဝတ်တို့ စိုစွတ်ပြန်လျှင်၊ အပျို၀င့်ဒဏ်
ဆိုရရုံပလေး။ ။

နိဂုံးချုပ်အနေဖြင့် ကျွန်တော် အစီရင်ခံလိုသည်မှာ ဆရာဦးမောင်ကြီးသည် မျက်မှောက်အကျိုးပြု စာပေကျမ်းဂန်၀တ္ထုတွေ၊ လောကုတ္တရာ သာသနာအကျိုးပြု စာပေကျမ်းဂန်တွေနှင့် မြန်မာစာပေကို အကျိုးပြုသည့် စာပေတွေကို ရေးသားခဲ့သည့် ကျမ်းပြုဆရာ နီတိဆရာ ရာဇဝင်ဆရာ ကဗျာဆရာ ခေတ်၀တ္ထုတိုရှည်နှင့် ရာဇဝင်၀တ္ထုတွေကို ရေးသားခဲ့သည့် ၀တ္ထုရေးဆရာဟူ၍ နေအသွင်ထင်ရှားခဲ့သည့် မဟာကဝိ ပညာရှိကြီးဖြစ်ကြောင်း ဂုဏ်ပြုချီးကျူးကာ ဦးညွှတ်ကန်တော့ရင်း နိဂုံးချုပ်ပါသည်ခင်ဗျား။ ။

စာပြီးနှစ် – ၁၉၆၄

mgyoe.com

mgyoe.com

# လယ်တီပဏ္ဍိတ၏ စာပေ

ဒဂုန်-ဦးလှဖေ

သဘာပတိကြီးနှင့်တကွ စာပေမြတ်နိုးသူ
အမျိုးသား အမျိုးသမီး အပေါင်းတို့ခင်ဗျား • • ။

ယခု ကျွန်တော်ပြောရမည့်အကြောင်းမှာ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏ စာပေများအကြောင်း ဝေဖန်ပြောဆိုရန် ဖြစ်ပါသည်။

ယခုကျင်းပသောပွဲမှာ မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်းကြီးက ဦးစီးခေါင်းဆောင်ပြုပြီး လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး ကွယ်လွန်ခြင်း ၂၅ နှစ်မြောက်အထိမ်းအမှတ် ဂုဏ်ပြုပူဇော်ပွဲ ဖြစ်ပါသည်။

ဤပွဲကြီးမှာ ကျွန်တော့်အား လယ်တီပဏ္ဍိတ စာပေများအကြောင်း ဝေဖန် ပြောဆိုထိုက်သူ အဖြစ်နှင့် မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်းကြီးက တာဝန်ပေးခြင်း ခံယူရသည့်အတွက် ကျွန်တော့်အဖို့ ဆုလာဘ်ကြီးတစ်ခုဟု အတိုင်းမသိ ဝမ်းမြောက်လှပါသည်။

ဟုတ်ကဲ့...၊ လူတို့သဘာဝ ဆိုပါတော့။ အတ္တဝါဒ – အတ္တနိယဝါဒကို မလွန်ဆန်နိုင်ကြသေးသူများအဖို့ မိမိတို့၏ ခေါင်းဆောင် ချစ်မြတ်နိုးသူ ဆရာသမားတို့၏ ဂုဏ်ကျေးဇူးသတင်းကို ထုတ်ဖော်ပြောဆိုရမည်ဆိုလျှင် ဘယ်အခါမျှ တင်းတိမ်အားရနိုင်ရိုးမရှိကြပါ။

ထို့ကြောင့်ပါပဲ...၊ ကျွန်တော်ပြောခွင့်ရတာဟာ မွန်မြတ်လှသော ဆုလာဘ်ကြီးဟု အားရဝမ်းသာရှိနေခြင်း ဖြစ်ပါသည်။

သို့ရာတွင် လယ်တီပဏ္ဍိတစာပေများအကြောင်းကို အဘယ်မျှကောင်းခြင်း အင်္ဂါရပ်တွေနှင့် ပြည့်စုံလှသည်ဟု အရှည်အလျား အကျယ်တဝန်း ထုတ်ဖော်ဝေဖန်ပြောဆိုဖို့

mgyoe.com

မလိုအပ်ဟု ထင်ပါသည်။

ဆရာ့စာပေများမှာ ယခုမျက်မှောက်ခေတ်နှင့် ဝေးကွာနေသော စာပေများ မဟုတ်ပါ။ စင်စစ်အားဖြင့် ယနေ့ခေတ် တိုးတက်နေသည်ဆိုသော မြန်မာစာပေများ၏ မြေသြဇာသစ်ကို ဓမ္မဓိဋ္ဌာန်ကျကျ ပြောကြမည်ဆိုလျှင် လယ်တီပဏ္ဍိတ စာပေမြေသြဇာသစ်ပေါ်တွင် အမြစ်တွယ် စာပေများသာလျှင် ဖြစ်သည်ဟု ဆိုက မှားနိုင်မည် မဟုတ်ပါ။

ပီပီသသပြောရလျှင် ယနေ့ခေတ်သစ်ထွန်းစာပေများမှာ ဆရာကြီး သခင်ကိုယ်တော်မှိုင်းနှင့် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးတို့၏ ခေတ်ပြောင်းတီထွင်ခဲ့သော စာပေအုတ်မြစ်ပေါ်တွင် တည်ဆောက်ကြသော စာပေများသာ ဖြစ်ပါသည်ဟု ဝန်ခံပြောဆိုလိုခြင်း ဖြစ်ပါသည်။

သို့ဖြစ်၍ ကျွန်တော်က စကားတံရှည်ရှည်နှင့် မီးခိုးကြွက်လျှောက် ပြောဆိုဖို့ မလိုအပ်ဘူးထင်ပါသည်။

အကယ်စင်စစ်အားဖြင့်လည်း ဆရာ့စာပေများ အကြောင်းကို ကျွန်တော်က ဝေဖန်ပြောဆိုမည်ဆိုသော စကားမှာ အတော်မသင့်လျော်သော စကားဖြစ်ပါသည်။ စကားအဖြစ်ဖြင့်သာ သုံးရပါသည်။

သို့ရာတွင် မြန်မာနိုင်ငံစာပေ ပြန့်ပွားရေးအသင်းကြီးက တာဝန်ပေးသည့်အတိုင်း ပြောဟောပွဲအစီအစဉ်ပါ ရသမျှအချိန်နာရီအတွင်းမှာ လယ်တီပဏ္ဍိတစာပေများ၏ –

(၁) ထူးခြားသည့် စာပေလက္ခဏာနှင့်

(၂) အမျိုးသားသွေးသစ် အားတိုးစေသည့် ရသသဘောနှစ်ချက်မျှကို ပေါ်လွင်အောင် တတ်နိုင်သမျှ ဖော်ထုတ်ပြောဆိုဖို့ ကျွန်တော် ကြိုးစားပါမည်။

**သဘာဝပတိနှင့်တကွ**

**ကြွရောက်ချီးမြှင့်ကြသော စာပေမြတ်နိုးသူများခင်ဗျား...။**

ကျွန်တော် လယ်တီပဏ္ဍိတ ဆရာ့စာပေများအကြောင်း မပြောမီ ရောက်ရှိလာသော ပရိသတ်များအား ဆရာဦးမောင်ကြီးနှင့် မိတ်ဆက်ပေးပါရစေ။

ဆရာ့ကို မမီလိုက်သူတို့အတွက် လိုအပ်ပါသည်။

ဆရာ၏ ရုပ်နေ ရုပ်သွင်ကတော့ ယခု မြင်ကြရသည့် ပန်းချီရုပ်ပုံအတိုင်းပါပဲ။ (ဆရာ၏ကိုယ်လုံးပြည့်ရုပ်ပုံ ပန်းချီကားကြီးကို စင်မြင့်တွင် တင်ပြထားရင်း ရှိသည်။)

ဆရာ ကိုယ်လုံးကိုယ်ဖန် ဝဖြိုးပါသည်။ အရုပ်အမောင်း မမြင့်မားပါ။ ဆရာ့အသားအရေမှာ မဲ့ပြောက် အညိုကွက် စသဖြင့် အစွန်းအထင်းမရှိ၊ စင်ကြယ်သန့်ရှင်းလှ

mgyoe.com

ပါသည်။ ရုပ်နေအသွင်အပြင် ခံ့ညားတည်ကြည်သော ပုံဟန်ရှိပါသည်။ အစဉ်သဖြင့် သွားလာလှုပ်ရှားနေဟန် ထိုင်ဟန်တို့မှာ ဣန္ဒြေက လွတ်သွားလေ့မရှိကြောင်း လေ့လာမိပါသည်။

ဆရာ့ရုပ်သွင်ကို ရုပ်အေးနှင့် ရုပ်ပူ၊ သရုပ်နှစ် ခုခွဲ၍ ဝေဖန်လျှင် ရုပ်အေးလက္ခဏာကို အစဉ်သဖြင့် ဆောင်နေပါသည်။

ဆရာ့အဖို့ ရုပ်အေးလက္ခဏာ ပေါ်လွင်နေသည်နှင့်အတူ စိတ်အေး ထင်ရှားရှိနေကြောင်း သိမှတ်ထားမိခဲ့ပါသည်။

ကျွန်တော်ဆရာနှင့် တွေ့ရသည့်အချိန်မှာ ဆရာအသက် ၅၀ လောက်မှာ ဖြစ်ပါသည်။ ကျွန်တော်တွေ့ရသမျှ ဆရာ့သက်တာတွင် ဆရာသွေးပူ စိတ်ပူ၊ ပြောမှု ဆိုမှု၊ ဒေါသထွက်မှု၊ လောဘထွက်မှု အစွန်းမလွတ်မှုမျိုးကို တစ်ကြိမ်တစ်ခါမျှ မတွေ့စဖူးခဲ့ပါ။

စကား စွာစွာ၊ ကျယ်လောင် ဆူပူ ပြောဆိုသံမျိုးကိုပင် ဆရာ မကြားရဲသည်ကို တွေ့ရပါသည်။

အေးအေးဆေးဆေးနှင့် စကားပြောလာသူများရှိလျှင် ဆရာ အလွန်ကြားနာလိုပါသည်။ စကားပြော မပျင်းတတ်ပါ။ သူတစ်ပါး စကားကိုလည်း နားထောင်တတ်သော အလေ့ရှိပါသည်။

အထူးသဖြင့် ဆရာမှာ ဒေါသအစွန်းထွက် နည်းပါးသလို လောဘအစွန်းထွက်လည်း နည်းဟန်ရှိပါသည်။ လောဘမှုနှင့် ပတ်သက်၍ ဆရာနှင့် အငြင်းအပွား ပြဿနာရှိခဲ့သူများ ပြောသံလည်း မကြားစဖူး၊ ကိုယ်တိုင်လည်း မမြင်မတွေ့ကြုံခဲ့ဖူးပါ။ ဆရာ့အဖို့ စီးပွားရေးမှာ ကံကောင်းခဲ့ပါသည်။ ငယ်ရွယ်စဉ်အခါကစပြီး ဗိုလ်သီဖတ်သီနှင့် ဆရာစီးပွားရှာခဲ့ရသည့် ဘဝမျိုး မတွေ့ခဲ့ဖူးကြောင်း သိပါသည်။

ဆရာ့တစ်သက်တာမှာ လယ်တီပဏ္ဍိတစာပေများ စတင် ထွက်ပေါ်လာကတည်းက ခေတ်တံခွန်လွှားစာပေတွေ ဖြစ်နေသောကြောင့် စီးပွားရေးအတွက် ကံ့လုံ့ကြွယ်ဝစေမှု အခွင့်သာနေခြင်းဖြစ်လေတော့ သက်မွေးအတွက် ဗိုလ်သီဖတ်သီ ရှာဖွေရမှုမှ ကင်းလွတ်ခဲ့ခြင်း ဖြစ်နေပါသည်။

ဤစာအုပ်များ ပုံနှိပ်ထုတ်ဝေရောင်းချရေး လုပ်ငန်းအတွက်ကိုလည်း ဆရာကိုယ်တိုင် ကြပ်မတ်လုပ်ဆောင်ခဲ့ခြင်းမရှိဘဲ လက်လွှဲပုံနှိပ်ရောင်းချစေရေးဖြင့် လောဘစွန်း မထွက်၊ သက်သက်သာသာ စီးပွားသက်မွေး ကံကောင်းစေခဲ့လေသည်။

ဆရာ၏စိတ်နေ စိတ်ထား အပေါ်လွင်ဆုံးကတော့—

လူတစ်ဦးတစ်ယောက်တွင် စိတ်နေစိတ်ထား သေးသိမ်မှု၊ သိမ်ဖျင်းမှု၊ နုံချာမှုမျိုး

mgyee.com

ကို တွေ့ရလျှင် ဆရာ မျိုသိပ်မထားနိုင်အောင် စက်ဆုပ်ရွံရှာချက်တွေ ပေါ်ထွက်လာအောင် မြည်တွန်တောက်တီး ကဲ့ရဲ့ပြစ်တင်လေ့ရှိသည်။

ဤသဘောထား အစွဲကြီးမှုကြောင့်လည်း ဆရာ့စာပေများတွင် စိတ်နေစိတ်ထား မြင့်မြတ်အောင် မွေးမြူရေးကို အနည်းနည်းဖြင့် ဆိုဆုံးမ၍ လမ်းပြရည်ညွှန်း ရေးသားလေ့ ရှိပါသည်။ သိသိသာသာ တွေ့နိုင်သော အချက်များဖြစ်ပါသည်။

ယခု ကျွန်တော် ဆရာနှင့် မိတ်ဆက်စကားအဖြစ် ဆရာ၏ ပင်ကိုဘဝ၊ ရုပ်နေ ရုပ်ထားနှင့် စိတ်နေစိတ်ထား အရှိကို ကျွန်တော် နီးကပ်စွာ တွေ့သိသမျှ အချဲ့အထွင်မပါဘဲ သရုပ်ဖော်ခြင်းဖြစ်ကြောင်း ဝန်ခံပါသည်။

လယ်တီပဏ္ဍိတ စာပေများအကြောင်းကို ပြောမည်ဆိုလျှင် "ဒဂုန်မဂ္ဂဇင်းကြီး" အကြောင်းကို လွှတ်ထား၍ မရနိုင်ပါ။

ဒဂုန်မဂ္ဂဇင်းကြီးမှာ လယ်တီပဏ္ဍိတ စာပေများ ထုတ်လုပ်သည့် ဗဟိုစက်ရုံကြီး သဖွယ် ဖြစ်နေပါသည်။ ဆရာ့စာပေများ ကွန့်မြူးရာဖြစ်သော ဒဂုန်မဂ္ဂဇင်း စာတလင်းကြီး ကို မေ့ပျောက်ထား၍ မဖြစ်နိုင်ပါ။ လယ်တီပဏ္ဍိတ စာပေမြေသြဇာမျိုးစေ့များ ထုတ်လုပ် ဖြန့်ဝေရာ ဌာနချုပ်ကြီးအဖြစ်ဖြင့် ဒဂုန်မဂ္ဂဇင်းကြီး၏ လုပ်ဆောင်ချက်ကို ပြည်လုံးကျွတ် အသိဖြစ်ပါသည်။

သို့ဖြစ်၍ ဆရာ့ကိုယ်ရေးနှင့်တစ်ဆက်တည်း ဒဂုန်မဂ္ဂဇင်းကြီးအကြောင်း၊ ဆရာ နှင့် ဆက်စပ်ခဲ့ပုံများကိုသိရလျှင် လယ်တီပဏ္ဍိတ စာပေသာသနာပြုခဲ့ပုံကို သာ၍ ရှင်း လင်းစွာ သိမှတ်ဖွယ် ရှိပါမည်။

ဆရာသည် ဒဂုန်မဂ္ဂဇင်းကြီး၏ ဦးစီးနာယက အယ်ဒီတာချုပ်ကြီးအဖြစ်ဖြင့် လက်ခံဆောင်ရွက်ခဲ့ပါသည်။ ကျွန်တော်က တာဝန်ခံကြီးကြပ်သူ အယ်ဒီတာအဖြစ်ဖြင့် ဆောင်ရွက်ပါသည်။

ယခုဟောပြောပွဲတွင် ဆရာ့ဘဝနှင့် စာပေအကြောင်း ဟောပြောသွားသူ ဗဝမ်း– ဦးတင်နွယ်၏ ခေါင်းဆောင်မှုအောက်မှာ ကျွန်တော် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။

ဦးတင်နွယ်၏ ခေါင်းဆောင်မှုဆိုစကားမှာ ပိုင်ရှင်အနေဖြင့် အုပ်ချုပ်မှု ခေါင်းဆောင်အနေမျိုး ပြောခြင်း မဟုတ်ပါ၊ ဦးတင်နွယ်သည် မြန်မာစာပေအရေးအသားနှင့် စာပေလေ့လာကျွမ်းကျင်မှု အတန်ကြွယ်ဝအောင် ကျက်မှတ်လေ့လာ ဆည်းပူးထားခြင်း ရှိသူ ဖြစ်ပါသည်။

အနုပညာပါရမီ ဓာတ်ခံရှိသူဖြစ်ပါသည်။ ရုပ်ရှင်ပညာဘက်က နာမည်ပေါ်လွင် ထင်ရှားသဖြင့် စာပေဘက်တွင် အသိနည်းခြင်းဖြစ်သည်။
mgyoe.com

mgyoe.com

ဒဂုန်မဂ္ဂဇင်းကြီးတွင် စာမူများလိုအပ်သမျှ ကလောင်အမည်အမျိုးမျိုးဖြင့် ရေးသားခြင်း အထူးသဖြင့် မြန်မာမှုအနုပညာများ ပြန်လည်ထွန်းကားစေလိုသော စေတနာဖြင့် ဒဂုန်မဂ္ဂဇင်းတွင် ကမ္ဘာကျော်ပန်းချီ–ပန်းပုနှင့် မြန်မာအနုပညာ ဓာတ်ပုံများဖြင့် လစဉ်ဖော်ပြခဲ့ခြင်းမှာ ဦးတင်နွယ်၏ အနုပညာ လှုံ့ဆော်ချက်များ ဖြစ်ပါသည်။

ဤကဲ့သို့ ဦးတင်နွယ်၏စာပေနှင့် အနုပညာလေ့လာမှု ဝါသနာပါမှု စေတနာအရင်းခံမှုတို့ကြောင့် ဒဂုန်မဂ္ဂဇင်းကြီးတွင် ခေတ်မီစာပေနှင့် အနုပညာရပ်များ ဆန်းသစ်တိုးတက်စေမှုသာဖြစ်လျှင် အကြွင်းမဲ့ လွတ်လပ်စွာ လုပ်ဆောင်ခွင့်ပေးခဲ့ရင်း ရှိပါသည်။

ထို့ကြောင့်လည်း ထိုခေတ်ထိုအခါကပင် ခေတ်ကြိုစာပေရေးသားမှု ခေတ်တည်စာပေတီထွင်မှုများနှင့် အနုပညာဘက်တွင် မြန်မာအဆွေဖဝမ်း – ဒဂုန်မဂ္ဂဇင်းတို့မှာ ခေတ်တံခွန် ထူနိုင်ခဲ့ခြင်းဖြစ်ပါသည်။

လယ်တီပဏ္ဍိတ ဆရာ ဦးမောင်ကြီးက ဒဂုန်မဂ္ဂဇင်းကြီး၏ နာယကအယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်သည် ဆိုလေတော့ ယခု ဆူးလေဘုရား တောင်ဘက်မုခ်မှာ ရှိနေသည့် ထိုအခါက မြန်မာအဆွေကုမ္ပဏီ တိုက်ခန်းကြီးထဲမှာ သီးခြားသပ်ရပ်လှသော အခန်းကြီးတွင် ဆရာနေ့စဉ် ကြွရောက်ထိုင်ပြီး အလုပ်လုပ်နေဟန်ကို ထင်ယောင်မြင်ယောင် ရှိကောင်းရှိပါလိမ့်မည်။

အမှန်မှာ ဤကဲ့သို့ မဟုတ်ခဲ့ပါ။ ဆရာသည် ကျွန်တော်တို့တိုက်သို့ တစ်နှစ်မှ နှစ်ခေါက်လောက်သာ ရောက်ပါသည်။

မြန်မာအဆွေမိသားစုနှင့် ကျွန်တော်တို့ တိုက်သားများက ပင့်သည့်အခါ သီတင်းကျွတ်နှင့် နှစ်သစ်ကူး သင်္ကြန်အခါမှသာ အကန်တော့ခံဖို့ တိုက်သို့ ကြွရောက်လေ့ရှိပါသည်။

ဒဂုန်မဂ္ဂဇင်းအတွက် စာမူများကို အိမ်မှာပဲ ရေးပါသည်။

တစ်လတစ်လတွင် ဆရာ ရေးရသော စာအမျိုးပေါင်းမှာ အားလုံး သိကြသည့်အတိုင်း ၆ မျိုး အနည်းဆုံး ရှိပါသည်။

(၁) ခေါင်းကြီး၊ (၂) နီတိမာလာ၊ (၃) ဗညားနွဲ့ရာဇဝင် ဝတ္ထုကြီး၊ (၄) ပန်ထွာမင်းသမီးဝတ္ထု၊ (၅) ယုဝတီစက္ခု မန္တလေးခင်တုတ်၊ (၆) ရန်ကုန် ခင်ဆွေစသည်တို့ ဖြစ်ပါသည်။

အခြားက ရဟန်းပညာရှိ၊ လူပညာရှိများစွာတို့မှ မေးမြန်းချက်နှင့် ဆွေးနွေးချက်များ ဖြေဆိုရေးသားရသည့်စာများ၊ ဘုရားတည် ကျောင်းဆောက် ပဋ္ဌာန်းခံ အလှူနှင့် မင်္ဂလာဆောင်များအတွက် ရတုဩဘာစာများ ရေးသည့်အလုပ်များလည်း မလွဲမရှောင်

mgyoe.com

mgyoe.com
သာ အတော်များပါသည်။

တစ်နေ့တစ်နေ့တွင် စာပေရေးသားသည့် အလုပ်ကို လုပ်ဆောင်ကြသူများအနက် ဆရာလောက် စာပေရေးသားမှု ထုတ်လုပ်အားရှိသူ ရှားမည်ထင်ပါသည်။

မရပ်မနား လက်သွက်သွက်နှင့် ရေးနိုင်ဖို့ စာပေကျွမ်းဂန်တွေ ပညာဗဟုသုတတွေ အသင့်မှတ်သားမိခြင်း ရှိရပါမည်။ ကျန်းမာရေးကလည်း ပြည့်စုံရပါမည်။ ဤအရည်အချင်း တစ်ခုကိုပင် ပြောစမှတ်ပြုစရာ ဖြစ်ခဲ့ပါသည်။

စာပေရေးသားမှု အလုပ်များ စပ်ကြားတွင်ပင် စာပေ အမေးအမြန်း ရပ်ဝေးရပ်နီး ရဟန်းဧည့်သည်များနှင့် လူဧည့်သည်တွေကလည်းများလွန်းသဖြင့် တွေ့ချိန်ကို သတ်မှတ်ပေးထားပါသည်။

ဆရာ့ အိမ်လှေကားရင်း သံတံခါးပိတ်တွင် ဆိုင်းဘုတ်ကလေးတစ်ခု အမြဲတွေ့နိုင်ပါသည်။

| |
|---|
| နေ့လယ် ၁၂ နာရီမှ<br>ညနေ ၄ နာရီအထိ<br>အလုပ်ချိန် |

၎င်းအလုပ်ချိန် ဆိုင်းဘုတ်ကလေးက ဆရာ၏ စာပေရေးသားမှု အလုပ်တွင် ကျယ်စေ၍ ဧည့်သည်များအား လွတ်လပ်စွာ တွေ့ဆုံခွင့် ပေးထားပုံကို သိနိုင်ပါသည်။

ဤမျှ မရပ်မနား ဆရာရေးသမျှ စာပေများကို ဒဂုန်မဂ္ဂဇင်းကြီးက ဗဟိုဌာနချုပ် လုပ်ပြီးလျှင် ပြည်သူတို့လက်သို့ အရောက်သယ်ယူပို့ဆောင် ဖြန့်ဝေခဲ့ပုံကို မေ့ပျောက်နိုင်ကြမည် မဟုတ်ပါ။

၎င်းစာပေများအနက် အချို့စာပေများမှာ သီးခြားစာအုပ်အဖြစ် ရောက်ခဲ့ပြီးဖြစ်၍ အချို့မှာ ယခု သီးခြားစာအုပ်အဖြစ် မရောက်ခဲ့သေးသည်များလည်း ရှိနေပါသည်။

ဆရာသည် လယ်တီပဏ္ဍိတ စာပေများ ထုတ်ဝေခဲ့ရာတွင် ရှေးက မြန်မာ့အလင်းမဂ္ဂဇင်း၊ ပညာအလင်းမဂ္ဂဇင်း စသော စာစောင်များက အစပြုခဲ့သော်လည်း ပထမကမ္ဘာစစ်ပြီးခေတ် အမျိုးသားနိုးကြား အုံကြွရေးနှင့်အတူ၊ စာပေနှင့် အနုပညာဘက်တွင် ဒဂုန်မဂ္ဂဇင်းကြီးက ပေါ်လွင်ခဲ့ပါသည်။

ဆရာ၏ စာပေကျေးဇူးဖြစ်သည့် ဆရာကလောင်ကွန့်မြူးရာ စာတလင်းကြီးလည်း ဖြစ်သည်။ သယ်ယူပို့ဆောင်ရေး ယာဉ်ရထားကြီးသဖွယ်လည်း ဖြစ်သည်။

mgyoe.com

mgyoe.com
ထို့ကြောင့်ပင် ဆရာ့စာပေများအကြောင်း ဝေဖန်ပြောဆိုရမည်ဆိုလျှင် ဒဂုန်မဂ္ဂဇင်းကြီးအကြောင်းပါမှ ပြည့်စုံမည်ဟု ကျွန်တော်ပြောရင်း ဖြစ်ပါသည်။

**စာပေမြတ်နိုးသူများခင်ဗျား –**

ယခု လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏ ပုဂ္ဂိုလ်ရေးနှင့် မိတ်ဆက်ပေးပြီးနောက်၊ ဆရာ့စာပေများအကြောင်း ဝေဖန်ပြောဆိုပါတော့မည်။

ကျွန်တော်လို ချစ်ကျွမ်းဝင်သူ တပည့်တစ်ယောက်က ဆရာ့စာပေများအကြောင်း ဝေဖန်ပြောဆိုရာမှာ အကောင်းဘက်တွေကို ဖော်ထုတ်ပြီး ဂုဏ်တော်အနန္တချီးကျူးချက်တွေ တင်ပြနေမည်ဆိုတာ ကြိုတင်သိပြီး ဖြစ်ပါလိမ့်မည်။

ယခုလို မြန်မာစာပေများ တိုးတက်ပြန့်ပွားလာသည့် ခေတ်မျိုး၊ ကိုယ်ပိုင်ဉာဏ်ဖြင့် ဝေဖန် သိမြင်နိုင်ကြသည့် ခေတ်မျိုးအဖို့ဆိုလျှင် ဆရာ့စာပေများအကြောင်း အနန္တဂုဏ်သာပြီး ပြောအားရှိမည် ထင်ပါသည်။

ဆရာ့စာပေများအကြောင်း ကျွန်တော် ပြောဆိုမည့်အချက်အလက်မှာ –

စာပေ၏လက္ခဏာနှင့် ရသသဘောနှစ်မျိုးကိုသာ အချိန်ရသမျှအတွင်း ကျွန်တော် တတ်စွမ်းသမျှ ပြောဖို့ ခေါင်းစဉ်ပေးခဲ့ပါသည်။

"လက္ခဏာ" ဆိုရာမှာ စာပေအရေးအသား သီကုံးနှုန်းဖွဲ့ပုံသဏ္ဌာန်ကို ကျွန်တော်ဆိုလိုပါသည်။ "ရသသဘော" မှာ ဆိုလိုချက်အနှစ်သာရ ဖြစ်ပါသည်။

လယ်တီပဏ္ဍိတ ဆရာ ဦးမောင်ကြီး၏ စာပေများကို ယခုမျက်မှောက်ခေတ် သက်လတ်ပိုင်းနှင့် သက်ကြီးပိုင်း စာဖတ်ဝါသနာ ပါသူမှန်သမျှ မဖတ်ဖူးသူ ရှားပါလိမ့်မည်။

စာရေးသားပုံ ဟန်သဏ္ဌာန်များ ဘယ်လို ပုံဟန်ဆိုတာ ယခုတိုင် အမှတ်တရ မြင်ယောင်နေကြပါလိမ့်မည်။ သဘောကျလုံးကလေးတွေကို မှတ်မိနေကြပေမည်။ စာဖွဲ့ပုံတွေကို အချို့အလွတ်ကျက်မှတ်ထားကြသဖြင့် မမေ့နိုင်ကြသေးပါ။

စာပေတိုင်းမှာ သူ့ခေတ်နှင့် သူ့စာပေ ရေးသူ ပုဂ္ဂိုလ်၏ စရိုက်၊ စိတ်နေသဘောထား၊ အတွေးအခေါ် အမြော်အမြင် ဉာဏ်ရည်ဉာဏ်သွေးများ အစဉ်သဖြင့် ပေါ်လွင်မြဲဖြစ်၍ အချင်းချင်း မတူနိုင်သလို၊ စာပေလက္ခဏာအသွင်အပြင် ပုံဟန်မှာလည်း တစ်မူစီ သူ့ထူးခြားချက် ရှိမြဲဖြစ်ပါသည်။

ဆရာ့စာပေများ၏ အရေးအသား သီကုံးနှုန်းဖွဲ့ပုံကို ပြန်လည်၍ ဇေ့စပ်စွာ ဖတ်ရှု သုံးသပ်ကြည့်လျှင် ဖွံ့ဖြိုးသည့်စာပေ အရေးအသားကို တွေ့ကြရပါသည်။
mgyoe.com

mgyoe.com

စာပေအရေးအသား ဖွံ့ဖြိုးမှုသည်ပင်လျှင် လယ်တီပဏ္ဍိတစာပေများ၏ ထူးခြားချက် လက္ခဏာ ဖြစ်ပါသည်။

ထိုခေတ်က လယ်တီပဏ္ဍိတစာပေအပေါ် ပြည်သူတို့ အာသာငန်းငန်းစွဲလန်းစေခြင်း ခွန်အားမှာ ဤစာပေဖွံ့ဖြိုးမှုယဉ်ကျေးဟန်က ပထမ ဖြစ်ပါသည်။

စာပေအရေးအသား ဖွံ့ဖြိုးပုံဆိုရာမှာ စကားလုံးများကြွယ်ဝခြင်း၊ ဖတ်သူတိုင်း ရှင်းရှင်းကြီး နားလည် သွားစေခြင်း၊ အကြောင်းအရာတစ်ခုခုကို ရေးသားရာတွင် စကား မကျိုးမပြတ်စေဘဲ၊ ရေအလျဉ် စီးသကဲ့သို့ ရှေ့စကားနောက်စကား ဆက်စပ်တွန်းကန် သွားပုံမှာ စာပန်းကုံးသဖွယ် ပေါ်လွင် မြင်သာလာစေခြင်း စသဖြင့် စာဖတ်သူများအား စာပေပွဲရုံကြီးများနှင့် ဆိမ့်အီချိုမြိန် တင်းတိမ်အားရ သွားစေသည်ဟု ဖော်ပြလိုပါသည်။

စာပိုဒ်တိုင်း စကားလုံးတိုင်းမှာ စာပေအဆင်း တန်ဆာများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ရေးသားထားပုံကို တွေ့နိုင်ကြပါသည်။

လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ ခန့် ၁၉၁၅ – ၂၀ ပတ်ဝန်းကျင်ခေတ်အထိ စာဖတ်ခြင်း နယ်မကျယ်သေးပါ။

ထိုခေတ်ဆီက စာအုပ်များကို ဖတ်လျှင် ပျင်းရိ ငြီးငွေ့အိပ်ချင်စရာ ကောင်းနေသဖြင့် စာပေကို ဂေါတမပုခက်ဟုပင် ပြယ်ရယ်ပြုပြောဆိုလေ့ ရှိကြပါသည်။

ဤကဲ့သို့ ဂေါတမပုခက် စာပေအနေအထားက ခေတ်ပြောင်းဖွံ့ဖြိုးသော စာပေအဆင့်တိုးတက်ပြောင်းလဲလာခဲ့သည့် စာပေကြောကို ထောက် တိုင်းတာလျှင် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏ စာပေများသာဖြစ်ကြောင်း ရာဇဝင်အရှိ ဖြစ်ပါသည်။

စာပေသမိုင်းပြု သုတေသီတို့သည် မည်သည့်နည်းနှင့်မျှ ဤရာဇဝင်ကို လိမ်လည် ဖုံးကွယ်ဝံ့အံ့ဟု မထင်ပါ။

ဤကောက်ချက်ကို ကျွန်တော်ပြောခြင်းဟာ အတ္တနိယဝါဒ ကိုယ့်ဆရာမှ ဆရာဆိုသော ဆရာစွဲ အစွန်းလွန်ပြောခြင်း မဟုတ်ပါ။ သမိုင်းနှင့် ဟပ်၍ ထပ်၍ ထောက်ပြောခြင်း ဖြစ်ပါသည်။

သမိုင်းစကားကိုလည်း များစွာ ချဲ့၍ပြောရန် လိုမည်မဟုတ်ပါ။ ကျွန်တော်တို့ မြန်မာစာပေသမိုင်း တိုးတက်လာခဲ့သည့် အဆင့်ဆင့်ကို ကျောင်းသားများကစ၍ ဟင်းလင်း မြင် ဖြစ်ပါသည်။

မြန်မာစာပေအကြောင်းကို ပြန်လည်ကြည့်လျှင် ပုဂံခေတ်တွင် စာမြစ်တွယ်၍ အင်းဝခေတ်တွင် စာပေပင်စည်ကြီး မြင့်မားကြီးထွားခဲ့ပါသည်။

ကုန်းဘောင်ခေတ်တွင်မူ မြန်မာစာပေ အသီးအပွင့် အညွန့်အဖူးများ ထွက်ခဲ့

mgyoe.com

mgyoe.com

ကြောင်း သိကြပြီးဖြစ်ကြပါသည်။

ကုန်းဘောင်ခေတ်မှာ မြန်မာစာပေများ အင်အားပြည့်ဖြိုးတိုးတက်လာလေရာ ကဗျာဘက်တွင်လည်း အထွတ်အထိပ် စကားပြေဘက်လည်း ရာဇဝင်တွင်အောင် ကြွယ်ဝခဲ့ကြောင်း ဂုဏ်ယူလျက်ရှိကြပါသည်။

မြန်မာစာပေရင်းမြစ်နှင့် ပင်စည်သန်စွမ်းရာက ကုန်းဘောင်ခေတ် အသီးအပွင့်များလည်း လှိုင်လှိုင်ကြီး ပွင့်သီးခဲ့သည်။ ကုန်းဘောင်ခေတ်လည်း ဗြိတိသျှတို့လက်အောက်ကျရောက်ခြင်းဖြင့် ချုပ်ငြိမ်း ကုန်ဆုံးသွားခဲ့သည်။ တစ်မျိုးသားလုံးအရေးနှင့်အတူ စာပေများလည်း ညှိုးနွမ်းခဲ့သည်။

ခရစ်နှစ် ၁၈၈၅ ခုနှစ်မှ ၁၉၁၄ ခုနှစ်၊ ပထမ ကမ္ဘာစစ် ဖြစ်သည့်နှစ်အထိ နှစ်ပေါင်း ၃၀ မျှကာလတွင် မြန်မာစာပေများ မှေးမှိန်နေရုံမျှမက အသက် မျှော့မျှော့မျှပင်ဟု ဆိုနိုင်ပါသည်။

ပထမကမ္ဘာစစ် စတင်ဖြစ်ပွားသည့် ခေတ်တွင်မူ သမိုင်း၏နှိုးဆွချက်ကြောင့် အမျိုးသား နိုးကြားမှု အစပြုလာသောအခါတွင် မြန်မာစာပေသည်လည်း သမိုင်းသစ် နိုးကြားခဲ့ကြောင်း သိရှိပြီးဖြစ်ကြပါသည်။

ထိုခေတ် သမိုင်းအဆင့်ပြောင်း နိုးကြားသော ခေတ်အမြင်ဖြင့် ကုန်းဘောင်ခေတ် မြန်မာစာပေ၏ ယေဘုယျလက္ခဏာကို ဝေဖန်ကြည့်ဖို့ လိုပါလိမ့်မည်။

မြန်မာမှု မြန်မာဇာတိ မြန်မာစာပေ ရင်းမြစ် ပင်စည် အသီးအပွင့် အဆောက်အအုံကြီးအဖြစ် အစဉ်ရှိသေလေးစား မှတည်ထားကြရပါမည်။

ထိုမြန်မာစာပေများ၏ ယေဘုယျ လက္ခဏာကို ကြည့်လျှင် –

စာပေအရေးအသား ခိုင်ခန့်သည်။ ဝါကျတည်ဆောက်ပုံ သဒ္ဒါနည်းကျသည်။ စကားအသုံးအနှုန်း အဖွင့်အဆိုများ သိပ်သည်းသည်။ ဣန္ဒြေရှိသည်။ ခန့်ညားသည်။ စကားလုံး ပီရိသည်။ သဒ္ဒါရေး ပြည့်စုံမှု ဂုဏ်၊ အနက်ပြည့်စုံမှု ဂုဏ်၊ ဉာဏ်ရှိန် ဉာဏ်ဝါကွန့်မြူးမှုဂုဏ် စသည်ဖြင့် တော်ဝင်စာပေများအဖြစ် အမျိုးသားမဏ္ဍိုင် စိုက်ထူပြီးဖြစ်ပါသည်။

ထိုစာပေများမှာ ထိုခေတ်ရှိ ပညာရှာနှင့် ပညာရှင်မင်းများနှင့် ထီးသုံးနန်းသုံး မြို့သုံးစာပေ အနေသာရှိသဖြင့် ထိုလူတို့သာ စာအရသာ ခံစား နားလည်နိုင်ကြပါသည်။

သူ့ခေတ်နှင့် သူ့စာသဘောဖြစ်သည်။ ထိုခေတ် လူနေမှုစနစ်ကလည်း ရိုးသားမှု ပဒေသရာဇ်ခေတ်အောက်တွင် ကျိုးနွံပိရိသော အနေအထိုင်ရှိမှု အဆန်းတကြယ် ဖွယ်ဖွယ်ရာရာ အာရုံမရှိမှုများဖြင့် သိပ်သည်းသူများ ဖြစ်ကြပါသည်။

mgyoe.com

၎င်းတို့ လက္ခဏာရပ်များကို အကဲဖြတ်လျှင်....

(၁) စာပေပြုစုသူ ပုဂ္ဂိုလ်ကြီးများ၏ သိက္ခာရှိမှု၊

(၂) စာပေသုံးစားသူ ပညာရှာတို့၏ အဆာမကျယ်မှုနှင့်

(၃) ပဒေသရာဇ်ခေတ် ကျိုးနွံ ပိပြားလှသော လူဘောင်၊ သုံးမျိုးသုံးမယ်ကို ပေါင်းစပ်ထားလေသောကြောင့် ကုန်းဘောင်ခေတ် မြန်မာစာပေမှာလည်း သိပ်သည်း သေဝပ်သည့် စာပေအနေမှာ မရှိဘဲ မဖြစ်သာပါ။

ဤအကြောင်းများကို ဆင်ခြင်ပါက စာတွေက သိပ်သည်းသောကြောင့်၊ အနက် အဓိပ္ပာယ်တွေက ပြည့်ဝလွန်းသောကြောင့် ဩဇာ – ရသဂုဏ်တွေ များလွန်းသောကြောင့်၊ တော်ဝင်စာပေဖြစ်သဖြင့် မင်းကြိုက် ဘုန်းကြီးကြိုက် အရပ်သားများနှင့် လားလားမျှ မထိုက်ဆိုသော စာပေများအနေ ကျရောက်နေပါသည်။ ပြည်သူသုံး မဖြစ်ခဲ့ပါ။

ကောက်ချက်ထုတ်လျှင် ကုန်းဘောင်ခေတ်ရှိန် ကုန်ဆုံးသည်အထိ မြန်မာစာပေမှာ စာပေအရေးအသား ဖွံ့ဖြိုးမှုလက္ခဏာမရှိခဲ့ပုံကို အားလုံးထင်ရှား သိပြီးဖြစ်ပါသည်။

အမှန်အားဖြင့်ဆိုရလျှင် စာပေလက္ခဏာ ရေးသားမှု ပုံသဏ္ဌာန် သဘောမှာလည်း ရာဇဝင်ကို မလွန်ဆန်နိုင်ပါ။ ပြည်သူလူအများ အနေအစား အဆင်အယင် လူမှုရေး စီးပွားရေး စသဖြင့် စိတ်နေစိတ်ထား ဆင်ယင် ထုံးဖွဲ့မှု ပုံသဏ္ဌာန်လှုပ်ရှားပြောင်းလဲသကဲ့ သို့ပင် စာပေရေးသားဟန် ပုံသဏ္ဌာန်သည်လည်း ပြောင်းလဲလေ့ရှိပါသည်။ စာပေသဘော မှာလည်း သမိုင်းနှင့် ကပ်တွယ်နေမှ နေရာမှန်သည်ဟု ဆိုရပါမည်။

ကျွန်တော် အထက်က ပြောခဲ့သည့်အတိုင်း ခရစ်နှစ် ၁၈၈၅ ခုနှစ်က အထက် မြန်မာပြည်ကို ဗြိတိသျှတို့ အသိမ်းခံရသည်က စပြီး ပဒေသရာဇ်ခေတ် အရှိန်ကလည်း မသေသေးမီ၊ အခြားတစ်ဖက်က အရင်းရှင်ခေတ် တက်သစ်စအရှိန်ကလည်း မရသေးမီ စပ်ကူးမပ်ကူးကာလ နှစ်ပေါင်း သုံးဆယ်ခန့်တွင် အမျိုးသားရေးများနှင့်အတူ မြန်မာစာပေ လှုပ်ရှားမှုလည်း မရှိခဲ့ပါ၊ အသက်မဝင်သေးသကဲ့သို့ ဖြစ်ခဲ့သည်ကို သတိတရ မြင်စေချင် ပါသည်။

ခရစ်နှစ် ၁၉၁၀ ပြည့်နှစ်လောက်မှာ ကျွန်တော်တို့ စာဖတ်တတ်သည့်အရွယ်က အမှတ်တရတစ်ခုကို ပြောရလျှင် ကျွန်တော်တို့ စာသင်ကျောင်းမှာ ဟံသာဝတီသတင်းစာ ကို စတင်၍ ဖတ်ခဲ့ရသည်ကို မှတ်မိပါသည်။

ထိုခေတ်အခါက အခြားစာသင်ကျောင်း အချို့ မှာလည်း ဟံသာဝတီ သတင်းစာ ကို တွေ့ရသဖြင့် အစိုးရ ပညာရေးဌာနညွှန်ကြားချက်အရ ထားပေးသည် ထင်ပါသည်။

၎င်းဟံသာဝတီသတင်းစာတွင် စာများကို နဘောထပ်နှင့် ရေးခြင်းများ၊ တေးထပ်

mgyoe.com

mgyee.com
များ ပဟေဠိများနှင့် ကျောင်းစာများကိုသာ ဖတ်ရပါသည်။ ပညာရှိတို့ ငြင်းခုံစာများ ပညာစမ်းခန်းများကို အမှတ်ရပါသည်။

"စာ" ဆိုသည်မှာ ကျောင်းနှင့်သာ ဆိုင်သည်။ ပညာရှိများနှင့်သာ ဆိုင်သည်ဟု ယူဆသကဲ့သို့ ဖြစ်နေပါသည်။

အထူးသဖြင့် သူ့ခေတ်နှင့် သူ့သဘာဝအတိုင်း ပညာရှိအများမှာ လူကြီးပိုင်းတွင်သာ ရှိသည်။ ထိုပညာရှိများ ခေတ်ကလည်း ကဗျာအရေးအသား အရည်အသွေး ပြိုင်ပွဲ၊ စာပေငြင်းခုံပွဲ၊ ဆော်ပွဲ ကလော်ပွဲများ၊ အတိုက်အခံ၊ အပြိုင်အဆိုင် ရေးသားမှုများ၊ သတင်းစာ စျေးကွက်တွင် ပြသခွင့် ရစပြုလာပါသည်။ နောက်သား နောင်လာတို့အား ပညာပြိုင်ခန်းတွေ သင်တန်းပေးခဲ့သည်ဟုပင် ဆိုနိုင်ပါသည်။

၁၉၁၄ – ၁၇ ခုနှစ် ပထမကမ္ဘာစစ်မီးကြီး ဥရောပတိုက်တွင် လောင်လာသောအခါ အာရှတောကြောင်တို့အဖို့ အခွင့်ကောင်းကြုံသကဲ့သို့ တွေ့ရပါသည်။

နာကျည်းစိတ်ရှိနေသော မြန်မာတိုင်းရင်းဖွား အမျိုးသားတို့ကမူ အင်္ဂလိပ် ဂျာမန်စစ်ပွဲတွင် အင်္ဂလိပ်တို့ အရှုံးသတင်းကို အလွန်ကြားချင်နေပါသည်။ စစ်သတင်း ဖတ်လိုစိတ်ကြောင့် သတင်းစာ ဖတ်လေ့ ဖတ်ထ ပြန့်ပွားစပြုလာပါသည်။ သတင်းစာများတွင်လည်း ဗဟုသုတဖြစ်ဖွယ်ရာ ဆောင်းပါးခန်းများပေါ်လာပြီး အထွေထွေ ပညာရပ်များ၊ မြန်မာစာပေနှင့် ပတ်သက်၍ ဖော်ထုတ်ပြမှုများ၊ ငြင်းခုံမှု တိုက်ခိုက်မှုများ အသက်ဝင်လာသည်ဟု ဆိုရပါလိမ့်မည်။

ဤပထမကမ္ဘာစစ် ရှေ့နောက် ပတ်ဝန်းကျင်နှစ်များ အခြေအနေမှာ မြန်မာသမိုင်းစဉ် သိသိသာသာကြီး တိုးတက်ပြောင်းလဲချိန်ဖြစ်ပါသည်။ ပထမကမ္ဘာစစ်၏ နှိုးဆွမှုကြောင့် နိုးကြားလာချိန်ဖြစ်သည်။

အရင်းရှင်ခေတ်လည်း အရှိန်ကောင်းလာပြီဖြစ်၍ အထွတ်အထိပ်သို့ ရောက်နေချိန်လည်း ဖြစ်သည်။ ထိုခေတ်၏လက္ခဏာကို ကမ္ဘည်းတပ်လျှင် မြန်မာနိုင်ငံသမိုင်းတွင် အရင်းရှင်ခေတ်ဖွံ့ဖြိုးခြင်း သရုပ်အပေါ်လွင်ဆုံး လက္ခဏာဟု ဆိုရပါမည်။

ဤခေတ်ပိုင်းတွင် အမျိုးသားရေးများ လှုပ်ရှားစ ပြုသည်နှင့်အတူ မြန်မာစာပေလှုပ်ရှားပုံများ စာပေနှင့် စာပြုများအကြောင်း အသေးစိတ်ကို မြန်မာစာပေ လေ့လာလိုက်စားသူတိုင်းလိုပင် အကြိမ်များစွာကြားပြီး သိပြီးဖြစ်ကြပါသည်။ ယခုပြောလိုရင်းမှာ သမိုင်းကြောင်းကြီးကိုသာ အမြင် တင်သွင်းပြောလိုရင်း ဖြစ်ပါသည်။

ကျွန်တော်တို့ ပေါင်းကူးလာခဲ့သည့် ကုန်းဘောင်ပဒေသရာဇ်ခေတ်နှင့် အင်္ဂလိပ် အရင်းရှင်ခေတ် နှစ်ခေတ်တွင် မြန်မာစာပေပေါင်းကူးပေးသည့်အနေဖြင့် စာပေပညာရှင်
mgpe.com

ကြီးနှစ်ပါး အံ့ဖွယ် ဖြစ်ထွန်း ပေါ်ထွက်ခဲ့ပါသည်။

ထိုမြန်မာစာပြု ပုဂ္ဂိုလ်ကြီးနှစ်ပါးဆိုရာမှာ လယ်တီဆရာတော်ဘုရားကြီးနှင့် မန်လည်ဆရာတော်ကြီးတို့ ဖြစ်ပါသည်။

ခေတ်မွေးလူအများ ရွာသူရွာသားများပင် ဖတ်နိုင်သိနိုင်စေရန် မြန်မာစာကို မဏ္ဍိုင်ပြု၍ ပိဋကတ်စာပေ အနက်အဓိပ္ပာယ်များကို မြန်မာမှု မြန်မာစာဖြင့် ပြည်ကုံးကျွတ်လွှမ်းစေခဲ့ပါသည်။

ဤကဲ့သို့ သာသနာတော်ဘက်က ဘာသာရေး အနှစ်သာရရှိသော မြန်မာစာပေ နေနှင့်လပမာ အပေါ်က ထွန်းတောက်နေချိန်တွင် –

လူတို့ဘက်တွင်လည်း ဆရာကြီး သခင်ကိုယ်တော်မှိုင်းနှင့် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး စာပေပြုပုဂ္ဂိုလ်ထူး နှစ်ပါး ခေတ်ပြိုင်ထွန်းကားခဲ့ပါသည်။

ကျွန်တော်တို့ ယခုသက်ရှိခေတ် လူများအဖို့ စာပေကျေးဇူးရှင်ကြီးများဖြစ်သော ဆရာကြီးနှစ်ပါး၏ စာပေများကို ကြည့်ပါ။

ကဗျာစာပေ ဖွဲ့စည်းမှုနှန်းခြယ်ပုံအနေဖြင့် ကြည့်ကြည့်၊ စကားပြေ အရေးအသား ဂုဏ်လက္ခဏာဖြင့် ကြည့်ကြည့် ဖွံ့ဖြိုးသည့် စာပေလက္ခဏာ လွန်စွာထင်ရှားပေါ်လွင်နေပါသည်။ နမူနာထုတ်ပြနေကြဖို့ မလိုအောင် သိပြီးဖြစ်ကြပါသည်။

ထိုခေတ်အတွက် အခြားစာပေရှင်ပုဂ္ဂိုလ်ကြီးများ၏ စာပေများက မဖွံ့ဖြိုး သလောဟု စောဒကတက်စရာ ရှိပါသည်။

မှန်ပါသည်။ မဖွံ့ဖြိုးဟု မဆိုစကောင်းပါ။ သမိုင်းဝင်ရာတွင် သူ့ဂုဏ်ထူးနှင့်သူ သီးခြားစီ ရပ်တည်လျက် ရှိရပါမည်။

ဥပမာ – မြန်မာမြေမျက်နှာပြင်ထက်တွင် တက်ကြွမြင့်မောက်နေသည့် တောင် အမျိုးအစားများ ရှိသလို ဖြစ်ရပါမည်။

အချို့က တောင်ပူစာကုန်းမြင့်၊ အချို့က ပုပ္ပားတောင်လို ထီးထီးကြီး မြင့်မောက်နေပါသည်။ ထို့အတူပင် ထိုခေတ် စာပေရှင်များအနက် အချို့မြင့်မောက်နေသည်များ ရှိပါသည်။ သို့ရာတွင် မြန်မာနိုင်ငံ၏ အဓိကရဖြစ်သော အရှေ့ရိုးမနှင့် အနောက်ရိုးမ နှစ်သွယ်ကဲ့သို့ ဘယ်ကကြည့်ကြည့် ရိုးမကြောကြီးများ အမြင်မပျောက်နိုင်သလို မြန်မာစာပေ ရိုးမကြီးနှစ်သွယ်မှာ ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် လယ်တီပဏ္ဍိတဆရာဦးမောင်ကြီးတို့၏ စာပေများဟု ဆိုရလောက်အောင် စာကြောကြီးများ ထင်ရှားရှိနေပါသည်။

ထို့ကြောင့် ခေတ်ပြိုင်အစုံ ထင်ရှားဖြစ်ထွန်းလာသည့် စာပြုပုဂ္ဂိုလ်နှစ်ပါး၏ စာပေ

mgyoe.com

com
များကို အရှေ့ရိုးမအနောက်ရိုးမ ကြောများသဖွယ် တည်သည်ဟု ထုတ်ဖော်၍ မူတည် ပြောလိုရင်း ဖြစ်ပါသည်။

ယနေ့ ဤနေရာဌာနမှာ မြန်မာနိုင်ငံ စာပေ ပြန့်ပွားရေးအသင်းကြီးက ကြီးမှူး ကျင်းပသော လယ်တီပဏ္ဍိတ ဆရာ ဦးမောင်ကြီး ကွယ်လွန်ခြင်း ၂၅ နှစ်မြောက် အထိမ်း အမှတ်ပွဲမှာ ပြောရန်အကြောင်းက လယ်တီပဏ္ဍိတ စာပေများအကြောင်းဖြစ်၍ ၎င်း အကြောင်းတစ်သွယ်ကိုသာ ပြောရန် ဖြစ်ပါသည်။ အခြားစာပေ ခေတ်ပြိုင်အသွယ်သွယ် ရှိနေကြောင်းကို သူ့ကဏ္ဍနှင့်သူ သိကြဖို့ပင် ဖြစ်ပါသည်။

ဤနေရာမှာ ကြားဖြတ် ကျွန်တော် တောင်းပန်လိုသည်မှာ မြန်မာစာပေသမိုင်းမှာ ရိုးမကြောကြီးသဖွယ် ထင်ရှားရှိနေသည့် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးနှင့် ၎င်း၏ စာပေများကို တိမ်မြုပ်ဖုံးကွယ်စေရန် စေတနာစောခြင်းနှင့် လက်တွေ့ပြုခြင်းများအတွက် ပြဿနာ စကားများ ရှိနေသဖြင့် မသင့်လျော်ကြောင်းကို တောင်းပန်လိုလှပါသည်။

မိမိ၏ ဆရာ့စာပေများကိုသာ ထင်ပေါ်စေလိုသည်၊ အခြားစာပြုစာဆို စာပေများကို မူ ဖုံးကွယ်ကျဆုံးစေလိုဆိုသည့် သဘောမျိုး မဖြစ်စကောင်းပါ။ မူအခြေခံမှန်သည့် စာပေ မျိုးကိုလည်း မည်သူ တစ်စုံတစ်ယောက်ကမျှလည်း ဖုံးကွယ်နိုင်စွမ်းရှိကြမည် မဟုတ်ဟု ထင်ပါသည်။

စာပေအပေါ် သစ္စာရှိမှု၊ စာပြုစာဆိုပုဂ္ဂိုလ်ကြီးများ၏ ကျေးဇူးတော် အနန္တကို ဖော်ထုတ်လိုမှုများအတွက်ပင် တာဝန်ရှိကြပါသည်။

ဤဆောင်ရွက်မှုမျိုးအတွက် မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်း (မြန်စာပြန့်) ၏ ရည်ရွယ်ချက်ကို အားရဝမ်းသာ ကြိုဆိုလိုပါသည်။

တိမ်မြုပ်နေသည့် စာပေများနှင့် စာပြုစာဆို ပုဂ္ဂိုလ်ကြီးကို တရွေ့ရွေ့ ပြန်လည်ဖော် ထုတ်ရန် စီမံကိန်းချထားချက်များကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလိုပါသည်။

## စာပေမြတ်နိုးသူများခင်ဗျား –

ယခု ကျွန်တော်ပြောခဲ့သည့် စကားများမှာ ဆရာ့စာပေများ၏ ဉာဏ်သစ်ဖွင့် ဖွံ့ဖြိုးခြင်းလက္ခဏာကို ပေါ်လွင်စေရန် သမိုင်းကြောင်းနှင့် တင်ကပ်၍ ပြလိုခြင်း ဖြစ် ပါသည်။

အချုပ်အားဖြင့် ဆိုလိုချက်က ပဒေသရာဇ်ခေတ် မြန်မာစာပေအနေမှာ ရှေးခေတ် လူနေမှုစနစ်နှင့်အတူ သိပ်သည်းသည်၊ သိက္ခာရှိသည် တပင်တိုင်ဆန်သည်၊ လျှို့ဝှက် ချက် ကြီးမားသည်၊ မပွင့်လင်း၊ အဖွင့်များကို မျှော်ရေးသည်၊ စာလုံးချောများ ရေးသားလေ့
mgyoe.com

ရှိသည်၊ စာပေအနှစ်သာရ အနက်အဓိပ္ပာယ် ရတနာစာမွန်များကို ထုထည် ထူထဲကြီးမား သော ကျွန်းသေတ္တာကြီးဖြင့် ထည့်သွင်းသိုလှောင်ထားသကဲ့သို့ သူ့ခေတ်သုံး စာလုံးကြီး စကားလုံးကြီးများဖြင့် အခဲ့အညားရေးသားသည့် မူပုံစံဖြင့် ရေးသားလေ့ရှိသည်။

နောက်သား နောက်ဖွား အရင်းရှင်ခေတ်သမားတို့အဖို့ ထိုစာ မူပုံစံမျိုးကြီးကို လေးကန်သည်၊ ထူထဲသည်၊ အသိခက်သည်၊ အနှစ်သာရကို ရှာမတွေ့နိုင်ဆို၍ မဖတ် လို။ မဖတ်လိုသဖြင့် ရှောင်ရှားခဲ့ကြသည်။ ပြည်သူလူအများနှင့်စာပေမှာ ဝေးကွာခဲ့ကြသည်။

ဖွံ့ဖြိုးသည့် စာပေလက္ခဏာမှာ စာပေအနှစ်သာရကို အရင်းရှင်ခေတ်ကြွား ယူနီ ဖောင်း သေတ္တာဖြင့် ထည့်သလို စာပေအရေးအသား လှပလာစေသည်။ စာလုံးတိုင်း စကားလုံးတိုင်း စာပိုဒ်တိုင်း အဆင်တန်ဆာ အလှအပများခြံရံ၍ ခပ်ကြွကြွ ခပ်ကြွားကြွား ရေးသားခဲ့သည်။ ခေတ်သုံး အလှကြိုက် အဆင်အပြင်ကြိုက်သူတို့အဖို့ ထိုကဲ့ဖို့ ဖွံ့ဖြိုး သော စာပေအရေးအသားမျိုးကို ဝိုင်းအုံဖတ်လာကြသည်။

ထိုဖွံ့ဖြိုးသော စာပေအရေးအသားကို စတင်တီထွင်၍ နာမည်ရခဲ့သော စာပြု ပုဂ္ဂိုလ်ကြီးမှာ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသာဖြစ်ကြောင်း အငြင်းထွက်စရာ မရှိ အောင် တစ်ပါးတည်း ထင်ရှားဖြစ်ခဲ့ပါသည်။

ဂေါတမပုခက်ဟု ပြက်ရယ်သဘော ပြောစမှတ်ပြုခံခဲ့ရသော လူကြောက်စာပေ များအဖြစ်မှ...

လူကြိုက်စာပေများအဖြစ် တိုးတက်ပြောင်းလဲခဲ့သည့်အရေးအသားမှာ ဆရာ့ စာပေ၏ ဖွံ့ဖြိုးမှုလက္ခဏာဖြစ်ကြောင်း ဆိုလိုပါသည်။

သက်ကြီးပိုင်းရှိ စာပေဗဟုသုတ လိုက်စားသူတိုင်း မှတ်မိနိုင်ပါသည်။

၁၉၁၄ – ၁၅ ခုနှစ်များကစပြီး ဦးရွှေကြူး ထုတ်သော မြန်မာ့အလင်း မဂ္ဂဇင်းနှင့် ပညာအလင်းမဂ္ဂဇင်းများမှာ ဆရာ့စာပေများ စတင်ကွန့်မြူးရာဖြစ်၍ လယ်တီပဏ္ဍိတ စာပေအရေးအသားများ ဖွံ့ဖြိုးမှု စကားလုံးကြွယ်ဝမှုတို့ဖြင့် စာပေသတင်း ဟိန်းထွက်လာ ခဲ့ပါသည်။ အသိဉာဏ် ဖွံ့ဖြိုးစေသဖြင့် စာဖတ်အစွဲကြီးလာကြောင်း မှတ်မိနိုင်ကြပါသည်။

ထိုထက် အထင်ရှားဆုံးစာပေများ ကွန့်မြူးလာခဲ့သော မဂ္ဂဇင်းမှာ ပညာအလင်း မဂ္ဂဇင်းဖြစ်ပါသည်။

ဆရာကြီး ပီမိုးနင်းနှင့် လယ်တီပဏ္ဍိတ စာပေများ စက်ကုန်ဖွင့်၍ ဉာဏ်တံခွန် လွှင့်ခဲ့ရာက ပြည်သူများစပ်ကြား စာပေများထိုးဖောက် ပြန့်ပွားခဲ့ပါသည်။

ဤမျှလောက်ဆိုလျှင် အရင်းရှင်ခေတ်ဦးကစ၍ ရှေးဟောင်း ကွဲလွဲထူးခြားသော

mgyee.com
လယ်တီပဏ္ဍိတစာပေ ဖွံ့ဖြိုးမှုမှု ပုံစံကို သိသာလောက်ပြီ လုံလောက်ပြီဟု ကျွန်တော် တစ်ပိုင်း တစ်ကဏ္ဍပိုင်းခဲ့လိုပါသည်။

နောက်တစ်ဆင့်တက်ပြီး ဒုတိယအချက်ဖြစ်သော ဆရာ့စာပေ၏ ရသသဘောကို ကျွန်တော် ပြောလိုသမျှ တင်ပြပါရစေ။

စာပေရသာ ဆိုရာမှာ စာသား အနှစ်သာရကို ဆိုလိုရင်း ဖြစ်ပါသည်။

ဆရာ့ စာပေအပေါ်တွင် ရသသဘောများ ရှိ မရှိ ဝေဖန်ဖို့ လိုမည် မထင်ပါ။

စာစီစာကုံး စကားလုံး အသုံးအနှုန်းအကုံးအဖွဲ့က စပြီး သဒ္ဒါဂုဏ် ပြည့်–မပြည့်၊ အနက်ဂုဏ်ပြည့်–မပြည့်။ အလင်္ကာဂုဏ်မြောက်–မမြောက် စသော စာပေ အတိုင်းအတာ များနှင့် တိုင်းတာဝေဖန်ချက်မျိုးဖြင့် ပြောဆိုရန် လွယ်ကြမည် မထင်ပါ။

စာပေဖွံ့ဖြိုးမှုလက္ခဏာဆိုရာမှာလည်း ဤအချက်တွေ ပြည့်စုံကြွယ်ဝမှုကိုပင် ဆိုရပါမည်။

ကျွန်တော်တို့ မျက်မှောက်ခေတ် တိုးတက်လာသည့် စာပေ အသိအမြင်မျိုးဖြင့် ပြန်ကြည့်လျှင် စာပေ အရေးအသား ဉာဏ်သစ် ဖွံ့ဖြိုးသည်ဆိုစကား ဟုတ်မှန်သည် ထားဦးတော့။ စာပေရေးသားပုံ မှုဟန်ကောင်းသော်လည်း အနှစ်သာရ ဆိုလိုချက် အကျိုး ထိရောက်ချက် ရသက ဘယ်လိုနေမည်လဲ။ အံချော်ချက် ရှိ – မရှိကို ခေတ်ဉာဏ်နှင့် သုံးသပ်ကြည့်ဖို့ လိုပါမည်။

စာပေ အရေးအသားအဖွဲ့အနွဲ့ လှပစေကာမူ စာရသာ ရှိချင်မှ ရှိမည်။ ကောင်း ချင်မှ ကောင်းမည်။ ကောင်းသော်လည်း ခေတ်နှင့် သင့်တော်ချင်မှ တော်မည်။ ပြည်သူ လူထုအများအဖို့ အကျိုးရှိချင်မှ ရှိမည်။

ထို့ကြောင့် စာပေအရေးအသား ပုံဟန် လက္ခဏာအသွင်လှကာမျှဖြင့် စာကောင်း ပေကောင်း မဖြစ်နိုင်ဘူး၊ ပါဝင်ချက် အနှစ်သာရ ကောင်းခြင်း အင်္ဂါ ပြည့်စုံပါမှ စာကောင်း ပေကောင်းဖြစ်မည် ဆိုသော ခေတ်သင်ကြားချက် အတိုင်းအတာစံဖြင့်လည်း လယ်တီ ပဏ္ဍိတ စာပေများကို လေ့လာဝေဖန်ကြည့်သင့်ပါသည်။

ဆရာ့စာပေများကို စေ့စေ့ကြည့်လျှင် ဘယ်အချက်ကို လက်ညှိုးထိုးပြနေသည် ဆိုတာ အလွန်မြင်သာပါသည်။

စာကြောတစ်လျှောက်တွင် ကလောင်စိုက်၍ ပြသောအချက်တစ်ခု သတိထားမိဖို့ ဖြစ်သည်။

ထိုအချက်က စိတ်နေစိတ်ထား မြင့်မြတ်မှုကို နှိုးပေးသော အချက် ဖြစ်သည်။
mgyee.com

mgyoe.com

စိတ်နေစိတ်ထား နိမ့်ကျမှုများ၊ သဘောထားသေးသိမ်မှုများကို အစဉ်သဖြင့် သရုပ်ဖော်လေ့ရှိပါသည်။

အင်္ဂလိပ်အစိုးရနှင့် နိုင်ငံခြားသားများ၏ ခြယ်လှယ်မှု – သွေးစုပ်အညွန့်ခူးမှုမျိုး ခံရချက်ကို အလွန်မုန်းတီးစိတ်ရှိသဖြင့် အပြစ်မြင်သဖြင့် နိုင်ငံခြားသားများနှင့် ပူးပေါင်း၍ ကိုယ်ကျိုးရှာမှုမျိုး၊ အမျိုးသားအပေါ် သစ္စာပျက်ပြုမှုမျိုးကို စာဖတ်သူတို့ရွံ့ရှာမုန်းတီးလာအောင် စာပြင်ပေါ်တင်၍ အကောင်လိုက်ပြလေ့ရှိပါသည်။

ဥပမာ... တပင်ရွှေထီးဝတ္ထုကို ကြည့်ပါ။ မြန်မာအမျိုးသားတို့၏ ဇာတိမာန်တက်ကြွစေခြင်းနှင့် လူမျိုးခြားတို့ အန္တရာယ်ကို တွန်းလှန်လိုစိတ်ကို လှုံ့ဆော်ထားပုံကို တွေ့နိုင်ပါသည်။

၎င်းပြင် တပင်ရွှေထီးဝတ္ထု၏ အဓိကဆိုလိုချက် ရသမှာ...

တပင်ရွှေထီးသည် မိမိ၏အမျိုးသားစရိုက်ဓလေ့ ယဉ်ကျေးမှုများကိုပစ်ပယ်၍ နိုင်ငံခြားသားတို့၏ မူဟန်အလေ့အလာကို အထင်အမြင်ကြီးမှု လေ့လာလိုက်စားမှုကြောင့် ဘဝလည်း ဆုံး၊ တိုင်းပြည်လည်း ပျက်ပြုန်းရသည်အထိ မှောက်မှားခဲ့သည်ကို လက်ညှိုးညွှန်ပြလိုကြောင်း ဆရာကိုယ်တိုင် ၎င်းတပင်ရွှေထီးဝတ္ထု နိဒါန်းတွင် မြွက်ဆိုရေးသားခဲ့သည်။

မြန်မာ အမျိုးသားသမီးတို့အဖို့ မျိုးရိုးဇာတိသွေး ဇာတိမာန်ကို ပူရာဏ်သဘောလည်း သိကြရလေအောင် စစ်မက်ရေးရာ ဗဟုသုတလည်း ရရှိလေအောင် မြန်မာစာပေပျို့ကဗျာနှင့် စကားအသုံးအနှုန်းလည်း မှတ်သိကြရလေအောင် ရေးသားပါသည်ဟု အတိအကျ ဆိုချက်ရှိသဖြင့် စာပေရသ မလွတ်စေနိုင်ပုံကို သိနိုင်ကြပါသည်။

ဤအကြောင်းကို ကျွန်တော်အခြေခံပြောနေခြင်းမှာ ဆရာသည် စာပေကျမ်းဂန်များ ရေးသားပြုစုသည့်နေရာမှာ ရည်ရွယ်ရင်း ဆိုလိုချက်တစ်ခုခုကို မိမိရရ ပန်းတိုင်စိုက်ထူပြီးမှ ဦးတည်ရေးသားလေ့ရှိသဖြင့် အနှစ်သာရပြည့်သည်၊ ရသသဘော ထင်ရှားစွာအာရုံခံစားမှု ရရှိနိုင်သည်၊ စာရေးစဉ် အကျိုးအပေါက်မရှိ ရေးနိုင်သဖြင့် စာဖတ်ရှိန်ကို ရစေသည်။ ရသာခံစားရသူတို့အဖို့ လုံးလုံးခဲခဲ ဝမ်းထဲ မျိုလိုက်ရဘိသကဲ့သို့ မြိန်ရှက်ရသာဖြင့် ဝသွားစေပါသည်။

ဤအချက်များမှာ ဆရာ့စာပေ၏ ရသသဘောများ စာသား အနှစ်သာရများ အပြည့်အဝရှိနေပုံကို ပြောလိုခြင်း ဖြစ်ပါသည်။

စာပေ ရေးသားသည့် နေရာမှာ ဆိုလိုရင်း ရည်ရွယ်ချက်ကို ပန်းတိုင်ထားပြီး

mgyoe.com

ရေးသားကြသည်ချည်းဖြစ်ပါသည်။ သို့ရာတွင် ရေအလျဉ် တသွင်သွင်စီးသကဲ့သို့ စကားစဉ်၊ အနက်စဉ် မကျိုးမပျက် ရေးနိုင်ခြင်းမျိုးက ရှားပါသည်။ စကားလုံးတွေ မပီမသရှိမှု၊ ဖောင်းကြွလာမှု၊ နိမ့်မြင့်လှုပ်ရှား ကစားလာမှု၊ စာအရေးအသား လက်ညောင်းလာသလောက် အနက်သဘောများ ယိမ်းယိုင်လာမှု စသောမထိန်းနိုင်ခြင်းများ ရှိတတ်ပါသည်။

ဆရာ့စာပေများတွင် အစဉ်သဖြင့် ဤအဖြစ်မျိုး ကင်းစင်ကြောင်း တွေ့ရပါမည်။ မပီမသလည်း မရှိ၊ စကားလုံးများဝင့်ကာ ကြွားကာဖြင့် မူလ လျာထားသည့် စိမ်ကိန်းလမ်းကြောင်းအတိုင်း ပန်းတိုင်ရောက် ဆွဲယူသွားပုံမှာ ထူးခြားချက်တစ်ခုဟု ပြောလိုပါသည်။

ဤအကြောင်းနှင့်ပတ်သက်ပြီး အများဖတ်ဖူးကြသည့် တပင်ရွှေထီးဝတ္ထုမှ သာဓကတစ်ခုကို ထုတ်ဆောင်ပြခွင့်ပြုပါ။

တပင်ရွှေထီးဝတ္ထုအစဇာတ်ဖွင့်မှာ တောင်ငူရာဇဝင် စတင်သော မင်းကြီးညိုက ဖြစ်၍ ဇာတ်တည်ကတည်းက ငနွဲ့ကုန်းသူခင်ဦးနှင့်တည်ပြီး ချစ်ခန်း ကြိုက်ခန်းများကို ဝတ္ထုသားပါပါ ဖွဲ့နွဲ့ရေးသားခဲ့ပါသည်။

ရာဇဝင်ကြောဖော်၍ ငြိမ့်ညောင်းစွာ ရေးသားလာခဲ့ရာက ဒုတိယပိုင်း အစမှာ ထီးနန်းအဆင့် မြင့်သော မင်းကြီးညို၏၊ သမီးတော်သခင်ကြီးနှင့် အနိမ့်ပိုင်းကျသော နို့ထိန်းသား သျှင်ရဲထွတ်တို့၏ ချစ်ခန်းကြိုက်ခန်းတွင် မင်းပြစ်မင်းဒဏ် သင့်ခန်း၊ ယောက်ဖတော် တပင်ရွှေထီးမင်းသားက သျှင်ရဲထွတ်အတွက် အသက်ပေး၍ ကာကွယ်ခန်းများတွင် စာဖတ်သူများအား စိတ်လှုပ်ရှားဖွယ်ရာ တခမ်းတနား ရသဂုဏ်များနှင့် ဝတ္ထုသားအထိအတွေ့များဖြင့် ရေးသားထားသမျှ မှတ်မိကြမည် ထင်ပါသည်။

ဤသို့ စာဖတ်သူတို့အား ဝတ္ထုရသာဖြင့် စိတ်လှုပ်ရှားအောင် ဉာဏ်ကစားရေးသားရာက စာကြောကို ပြောင်းလိုက်ပါသည်။ စာကြော ပြောင်းလိုက်ကြောင်း ကြားဖြတ်အမှာစာ ရေးသားပါရှိသည်ကို တွေ့နိုင်ပါသည်။

၎င်းအမှာစာတွင် မှတ်သားစရာများ ပါရှိသဖြင့် မူရင်းကို ထုတ်၍ အောက်ပါအတိုင်း ပြလိုက်ပါသည်။

**မှတ်ချက်** –

ဤ တပင်ရွှေထီး ဝတ္ထုတော်ကြီး၌၊ နောင် လာလတ္တံ့သောအခန်းတို့မှာ စစ်ရေး စစ်ခန်းတို့သာ များတော့မည်။

mgyoe.com

mgyoe.com
"သိင်္ဂါရရသ" ခေါ်သော ချစ်ခင်စုံမက်ခန်းများ နည်းပါးတော့မည်။

စစ်ထိုးခန်းများသည်၊ အမျိုးသားတို့၏ ဇာတိသွေးကို သန့်စွမ်းစေနိုင်သောကြောင့် ထိုအခန်းများကိုလည်း ယောကျ်ားပီသစွာနှင့် ဇာတိမာန်ထက်သန်ကြစေရန် လေးလေးစားစား ဖတ်ရှုသင့်ကြပေသည်။

စစ်ထိုးခန်းများသည် အလင်္ကာကျမ်း၌ ပြဆိုအပ်သော ရသ ၉ ပါးတို့တွင်–

"ဝီရ – ရသ" ရဲရင့်သော ဂုဏ်အရသာ၊

"ဘယာနက–ရသ" အံ့ဖွယ်ကောင်းသော ဂုဏ် အရသာမှစ၍ ထက်မြက်သော အရသာ ဂုဏ်များကို တိုးပွားစေနိုင်ပါသည်။

"ဝိမှယ–ရသ" အံ့ဖွယ်ကောင်းသော ဂုဏ် အရသာမှစ၍ ထက်မြက်သော အရသာ ဂုဏ်များကို တိုးပွားစေနိုင်ပါသည်။

လောကီဓမ္မတာ ကမ္ဘာရာဇဝင်၌ ယောကျ်ားဖြစ်လျှင် စစ်ရေး၌ ကျွမ်းကျင်ရမည်ဆိုသောအတိုင်း ယောကျ်ားကောင်းပီသလိုသူများသည်၊ စစ်မှုရေးရာကို ပညာ ဗဟုသုတ တစ်မျိုးထား၍ မှတ်သားသတိပြုသင့်ပေသည်။

တပင်ရွှေထီးသည် မင်းပျိုမင်းလွင် နုနုနယ်နယ်နှင့် ဘုရင်အဖြစ်သို့ ရောက်ခဲ့ရာ ထီးနန်းရိပ်ငြိမ်၊ ကာမဂုဏ်စည်းစိမ်တို့ဖြင့် နန်းတော်ပေါ်မှာ ပျော်ပျော်ပါးပါး ခံစားမေ့မော၍ မနေဘဲ စစ်မှုရေးရာတွင် ကိုယ်တော်တိုင် ပါဝင်၍ အစဉ်သဖြင့် တိုက်ခိုက်တော်မူကြောင်းများကိုလည်း ထင်ရှားစွာ သိကြရပေလိမ့်မည်။

ဝတ္ထုဆိုသည်မှာ ဖတ်ရှုသော သူတို့၏ စိတ်နှလုံးကို ဆိုင်ရာ ဆိုင်ရာ ဗဟုသုတ အသိပညာ အရသာတို့ဖြင့် တိုက်ကျွေးသော စာမျိုးဖြစ်လေသည်။

ချစ်ခန်း ကြိုက်ခန်း ပျော်ပါးခန်း သက်သက်ချည့်သာ ဖြစ်နေပါလျှင် ဖတ်ရှုသူတို့၏စိတ်ကို ပျော့အောင် အရည်ကျိုပေးသကဲ့သို့ ဖြစ်တတ်လေသည်။

အလွမ်း သက်သက်ချည်းသာ ဖြစ်နေပါလျှင် ဖတ်ရှုသူတို့၏စိတ်ကို ခြောက်သည်ထက် ခြောက်အောင် နေပူလှမ်း မီးကင်ပေးသည်နှင့် တူသည်။

စစ်ထိုးခန်းသက်သက်ချည်း ဖြစ်ပါလျှင် လှန့်၍ပေးနေသည်နှင့် တူသည်။

သို့ဖြစ်၍ ဝတ္ထုရေးသားရာ၌ အရသာမျိုးစုံ ပါဝင်စေလျက် ရံခါရံဖန် ဖတ်ရှုသူတို့၏စိတ်ကို အရည်ဖျော်ပေးခြင်း၊ ရံခါရံဖန် နေပူလှမ်းပေးခြင်း၊ စိတ်ကို ဆွပေးခြင်း၊ လှန့်ပေးခြင်း၊ ဤကဲ့သို့သော အရသာများကိုပါဝင်စေသောအားဖြင့် ရေးသားသင့်ပေသတည်း။
mgyoe.com

mgyoe.com

ဤမှတ်ချက် အမှာအထားကို ထင်ရှားစွာ တွေ့ကြရခြင်းဖြင့် ဆရာ့စာပေများတွင် အလင်္ကာရသဘောတွေ ဆိုလိုချက် အနှစ်သာရတွေ ဖွယ်ဖွယ်ရာရာ ဖွံ့ဖြိုးကြွယ်ဝစွာဖြင့် ရေးသားပုံ ပေါ်လွင်လှပါသည်။

စာဖတ်သူများအား စာပေ၏သြဇာ ဂုဏ်တွေ စာပေပွဲရုံဖြင့် မြိန်ရှက်စွာ စားကြရန် တည်ခင်းကျွေးမွေး ခွံ့ပေးသလို အရသာရှိစေသဖြင့်လည်း လယ်တီပဏ္ဍိတစာပေများကို စွဲလမ်းခဲ့ကြခြင်းဖြစ်ပါမည်။

ဤနည်းဖြင့် အမျိုးသားတို့အဖို့ စိတ်နေစိတ်ထားမြင့်မြတ်ဖို့ သဘောထားကြီးစေဖို့ မျိုးချစ်စိတ်နိုးကြား တက်ကြွစေဖို့နှင့် လူ့လောကအတွက် အသုံးဝင်လူ ဖြစ်ကြဖို့ အစဉ် လမ်းညွှန်ရေးသားလေ့ရှိကြောင်း ကျွန်တော် ပြောခဲ့ပါသည်။

ဆရာ၏စိတ်နေသဘောထား တွေးခေါ် မြော်မြင်ပုံများကိုလည်း ဆရာ့စာပေများအရ သိသာလှပါသည်။ ထိုခေတ်အမျိုးသားရေး လွတ်မြောက်ရေး၊ စာပေနှင့်ယဉ်ကျေးမှုများ ပြန်လည်ထူထောင်ရေးများအတွက် ဆရာကလောင်ဝင့်ပြပုံကို မြင်သာလှပါသည်။ လူသာပဓာန ဆိုသောမူအတိုင်း ရှေးဦးစွာလူ၏ စိတ်ဓာတ်နှင့် ရုပ်ဓာတ်ခွန်အား ကြံ့ခိုင်မြင့်မြတ်ရေးကို ဦးတည်၍ ရေးသားလေ့ရှိခြင်းများ ဖြစ်ပါသည်။

လူတို့သဘာဝ ယုတ်ညံ့ဖောက်ပြန်တတ်ခြင်းနှင့် မြင့်မြတ်ရဲရင့်ခြင်းတို့ကို သြကာသလောက ဥပဇ္ဈာယ်ဆရာကြီးလုပ်၍ သြဇာကြီးစွာဖြင့် သင်ကြားပေးနေသည်ဟူ၍ ဒဂုန်မဂ္ဂဇင်းတွင် ဆရာရေးသားထားချက်ရှိသည်မှာ ပတ်ဝန်းကျင်က လူကို ပြုပြင်ဖန်တီးနေသည်ဆိုသော သရုပ်ကို ဖော်ပြခြင်းဖြစ်သည်။

ဆရာသည် လူတို့အား အမျိုးသား သစ္စာပျက်ပြုမှုမျိုးကို မပြုမိအောင် ဖိနှိပ်ကဲ့ရဲ့ရှုတ်ချရေးသား၍ သစ္စာပြုလုပ်ဆောင်ပုံမျိုးကို လွန်စွာမြှောက်စားဂုဏ်ပြု၍ ရေးထားသည့် အချက်များကို အနည်းငယ်ထုတ်နုတ်ပြလိုပါသေးသည်။

ဆရာသရုပ်ဖော်ပုံများ ဆရာ့စာပေများစွာတွင် ပါရှိသော်လည်း တပင်ရွှေထီးဝတ္ထုတစ်ခုကိုပဲ ထုတ်ဆောင်ပြခြင်းဖြင့် လွယ်ကူကြမည်ထင်ပါသည်။

အမျိုးသားရေး ခိုင်လုံစေသည့် မှန်နန်းရာဇဝင်၊ ဦးကုလားရာဇဝင် စသော ရာဇဝင်အချက်များကို အကိုးအကားပြုသော အမျိုးသားရေးဖြစ်ပါသည်။

ကျွန်တော်တို့ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ပြည်ထောင်ချင်းချင်း ချစ်ကြည်မှု ဆက်သွယ်ရေးအတွက် သံတမန်လဲလှယ်ရေး လုပ်ဆောင်နည်းမှာ ကမ္ဘာသုံး ရှေးထုံးစဉ်လာ ရှိခဲ့ပါသည်။

mgyoe.com

mgyoe.com

သံတမန်နည်းနှင့် သူလျှိုနည်းဆိုင်ရာမှာ မဂဓနိုင်ငံ ဝေသာလီကာရကို လက်ထက်မှ ယခုပစ္စုပ္ပန်ခေတ်အထိ သုံးရိုးသုံးစဉ်ဖြစ်သည်။ ဤသံတမန်လုပ်ငန်းနှင့် သူလျှိုလုပ်ငန်းများကို ဆရာ၏ တပင်ရွှေထီးဝတ္ထုတွင် မှန်နန်း ဦးကုလား ရာဇဝင်ကြီးများကို မှုတည်ပြီး အမျိုးသားသစ္စာပျက် ပြုသူများနှင့် သစ္စာပြုဆောင်ရွက်သူများ သရုပ်ကိုဖော်ပြထားခြင်း ရှိပါသည်။

ဤရာဇဝင်အချက်အလက်များကို ယခုခေတ်အဖို့ ကျောင်းသူကျောင်းသားတိုင်း ကျောင်းသင်သိ နားလည်ပြီး ဖြစ်သဖြင့် အရှည်အလျား ပြန်ပြောနေဖို့ မလိုပါ။ ရာဇဝင်တွင် ဟံသာဝတီဘုရင် သုရှင်တကာရွှတ်ပိထံမှ တောင်ငူဘုရင် တပင်ရွှေထီးထံသို့ သံတမန်စေလွှတ်ခန်းကို မှတ်မိကြပေလိမ့်မည်။

တောင်ငူဘုရင် တပင်ရွှေထီးက မင်းပျိုမင်းလွင် ထွန်းသစ်စမင်း ဖြစ်လေတော့ ညီလာခံတွင် ဘယ်လိုသုံးနှုန်းပြောဆိုသလဲ။

ငါကိုယ်တော်မြတ်မှာ နုနုပျိုပျိုနှင့်ဘုရင်အဖြစ်သို့ ရောက်တော်မူခဲ့ရာ၊
သန်စွမ်းတဲ့လက်ရုံးရည်ကို စစ်ရေး၌ အသုံးပြုတော်မူရလိမ့်မယ်။

မင်းကေရာဇ်ဖြစ်ပါလျက် စစ်ရေးကိုမကြိုးပမ်းလျှင် ညှိုးနွမ်း ခြောက်သွေ့တတ်တယ်လို့ ပညာရှိကြီးများ မိန့်ကြားတော်မူခဲ့ကြတယ် မဟုတ်လားဟု ထိုခေတ်စကားကို ပြောခဲ့လေသည်။ ထိုခေတ်မှာ စစ်ခေတ်ဖြစ်သောကြောင့် နယ်ချဲ့စစ်တိုက်ဖို့လောက်သာ စိတ်စောခဲ့ကြသည်။

တောင်ငူက ဟံသာဝတီကိုသိမ်းဖို့ရန် အကြိမ်ကြိမ်ကြိုးစားခဲ့သည်။ သို့ရာတွင် ဟံသာဝတီမှာ အထိန်းတော်ကြီး "ဗညားလော" နှင့် "ဗညားကျန်း" တို့၏ စွမ်းရည်သတ္တိ ရှိမှုကြောင့် ဟံသာဝတီကို လုပ်ကြံရဖို့ရာ အခက်အခဲဖြစ်နေလေသည်။

ဤအကြံအစည်ကို ဟံသာဝတီကလည်းသိသဖြင့် ဟံသာဝတီဘုရင် သုရှင်တကာရွှတ်ပိက မဟာမိတ်သဝဏ်လွှာနှင့် ချစ်ကြည်ရေး သံတမန်များ စေလွှတ်ခဲ့ပေသည်။ ထိုသို့ဘုရင်က စေလွှတ်သော သံအဖွဲ့နှင့်အတူ ဟံသာဝတီ အထိန်းတော်ကြီး "ဗညားလော" နှင့် "ဗညားကျန်း" တို့လည်း တောင်ငူအထိန်းတော်ကြီးများဖြစ်သည့် "မင်းရဲသိခ်သူ" နှင့် "သတိုးသုဓမ္မရာဇာ" တို့ထံသို့ မိတ်ဆက်သံတမန် ဖက်တွဲစေလွှတ်လိုက်ကြသည်။

ငင်းခေတ်မှာ အထိန်းတော်ကြီးများ တန်ခိုးတောက်နေချိန် စစ်ရှိန်ကောင်းသလောက် ပုရောဟိတ်ကြီးများနှင့် မှူးမတ်ကြီးများလည်း အထိန်းတော်ကြီးများကို လွန်ဆန်နိုင်ခြင်း မရှိသည့် အချိန်၊ မင်းပျိုတွေ ထွန်းသစ်နေသလောက် အထိန်းတော်ကြီးများ

mgyoe.com

mgyue.com
ဩဇာလွှမ်းနေချိန်ဖြစ်ကြောင်း ရာဇဝင်ကြေးမုံပြင်တွင် ပြလျက်ရှိပါသည်။

ဤကဲ့သို့ ဟံသာဝတီက ဘုရင့်သံနှင့် အထိန်းတော်ကြီးများသံ၊ နှစ်သံတွဲဖက်လာလေသည်ကို တောင်ငူက ဘုရင့်သံများအား ခပ်ကွယ်ကွယ် လုပ်ထားပြီး ဝတ်ကျေရုံမျှပြု၍ အထိန်းတော်ကြီးများသံကို လွန်စွာ အရေးတယူပြု၍ အရောတဝင် လုပ်ပြလိုက်ကြပါသည်။ အထိန်းတော်သံများကို ဆုတောင်းများ ပိုပေးရုံမျှမက "ရွှေသစ္စာ ပန်းနှစ်ပွင့်" ကိုလည်း အထူးချစ်ကြည်ရေး လက်ဆောင်အဖြစ် ပေးလိုက်သေးသည်။

ထိုနောက် ဟံသာဝတီသံများ အပြန်ခရီးတွင် ဘုရင့်သံနှင့် အထိန်းတော်သံများ အချင်းချင်း သံသယများ စွပ်စွဲချက်များဖြင့် လမ်းတစ်ဝက်ကစပြီး အကွဲကြီးကွဲသွားလေရာ ဟံသာဝတီသို့ ပြန်အရောက်မှာမူ ပြည်သူပြည်သားများပါ သူ့ဘက် ငါ့ဘက် ကွဲကုန်ကြတော့သည်။

တောင်ငူက သံတမန်များနှင့် သူလျှိုတို့ပြန်နည်းကို သုံးလိုက်သောကြောင့် ဟံသာဝတီမှ ဘုရင်ကိုယ်တိုင်နှင့် အထိန်းတော်ကြီးများ ဆန့်ကျင်ကွဲလွဲကုန်ကြသည်။

တောင်ငူက မြားချက်ကို သိရပြီဖြစ်၍ နောက်ထပ် ဟံသာဝတီ အထိန်းတော်ကြီးများနှင့် တောင်ငူ အဆက်အသွယ် ရှိလေဟန် "လုပ်ကြံစာ" ရေး၍ သူ့ရဲကောင်းအဖွဲ့ စေလွှတ်ပြန်သည်။ ၎င်းအဖွဲ့သည် ဟံသာဝတီနိုင်ငံတွင်း ဝင်မိသည့်အခါ ရွာတကာတွင် ရန်ဖြစ်အောင် ရန်စသမှု ပြုတော့၏၊ ရွာတစ်ရွာ ရန်ဖြစ်လေရာ၊ ၎င်းတို့လျှို့ဝှက်ယူလာဟန်ဆောင်သော "လုပ်ကြံစာ"ကို လွှတ်ချခဲ့၍ လက်လွှတ်ထွက်ပြေးလေဟန် ပြုကြသည်။

ထိုလုပ်ကြံစာ သဝဏ်ကို ရွာသားများက ကောက်ယူရရှိသဖြင့် အရေးတကြီး ဘုရင်မင်းမြတ်ထံသို့ ဆက်သသောအခါ ဟံသာဝတီဘုရင်သည် စူးစမ်းမှုလည်းမပြု ဆင်ခြင်တုံ တရားလည်း မရှိတော့ဘဲ၊ ဒေါသတကြီး မာန်မီးတောက်ကာ အထိန်းတော်ကြီး "ဗညားလော" နှင့် "ဗညားကျန်း" တို့ကို ပြည်တွင်းရန်သူကြီးများအဖြစ်ဖြင့် အဆောတလျင် သုတ်သင်ပစ်လိုက်လေသည်။ တောင်ငူက ဟံသာဝတီကို ဖြိုခွင်းသိမ်းပိုက်ရန် အကြိမ်ကြိမ် စစ်ရေးဆင်ခဲ့သမျှ ဤအထိန်းတော်ကြီးနှစ်ဦး၏ စွမ်းရည်ကြောင့် တောင်ငူ တပ်လန်ခဲ့ကြရသည်။

ဤအချက်ကို တပင်ရွှေထီး ဝတ္ထုတွင် ရာဇဝင် သရုပ်များမြင်သာအောင် ဖော်ထုတ်ရေးသားပြီးနောက် ဟံသာဝတီဘုရင်၏ ဉာဏ်အမြင် သေးသိမ်ပုံကို သင်ခန်းစာပေး၍ တောင်ငူဘုရင် တပင်ရွှေထီးသည်၊ မိမိ၏ လူရည်လူစ စွမ်းရည်ကို အားကိုးမပြုဘဲ လူတို့အဖို့ မကြံစည်အပ်၊ မကြံစည်ကောင်းသည့် လူ့ကျင့်ဝတ်ပျက်အလုပ်ကို လုပ်ဆောင်သည်ဟု ဆရာက ဤသို့ ဝေဖန် ညွှန်ကြားရေးသားထားပုံကို ဖတ်စေချင်ပါသည်။
mgyue.com